ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (10-4-2011) (၆၇၃၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၉

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၁၄) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရာထူးခန့်ထားရေးခန်းမဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ကလောတပ်နယ်မှူး၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်းကျောင်းအုပ်ကြီး၊ တပ်မတော်အရာရှိကြီးများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် သင်တန်းဆင်းအရာရှိများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် သင်တန်းဆင်းအရာရှိများ၊ မိဘဆွေမျိုးများနှင့်အတူ ညစာသုံးဆောင်ကြသည်။

ကြည့်ရှုအားပေး

သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးနှင့်အဖွဲ့ဝင်များသည် ကပွဲခန်းမ၌ မြဝတီတေးဂီတအဖွဲ့၊ မြဝတီအငြိမ့်အဖွဲ့တို့နှင့်အတူ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး)၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်းတို့မှ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

(သတင်းစဉ်)

ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်သွက်လက်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံး ပူးပေါင်းပါဝင်

ရန်ကုန် ဧပြီ ၉ ။ ။ ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်သွက်လက်ရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးတို့အတွက် ကုန်သည်/စက်မှုအသင်းချုပ်က ဦးဆောင်ပြီး ညီနောင်အသင်းများ၊ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ပိုမိုတိုးတက်အောင် ပေးအပ်သည့်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်

နေပြည်တော် ဧပြီ ၉ ။ ။ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းထိုက်သည် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

စရိတ်မျှပေးစနစ် ကျင့်သုံးနေကြောင်း ပြည်သူများသဘောပေါက်အောင် ဆောင်ရွက်

နေပြည်တော် ဧပြီ ၉ ။ ။ ခုတင်(၁၀၀၀) နေပြည်တော်ပြည်သူ့ဆေးရုံကြီးဝန်ထမ်းများသည် ကုသိုလ်ရသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်ရသည့် ဝန်ထမ်းများဖြစ်ကြောင်း၊ ဆေးရုံ၌ ဆေးကုသရေးအတွက် သတ်မှတ်ညွှန်ကြားထားသော ညွှန်ကြားချက် **စာမျက်နှာ ၅ ကော်လံ ၁ သို့**

ဥပဒေအရာရှိများ လုပ်ငန်းဆောင်ရွက်ရာတွင် စည်းကမ်းရှိရမည်၊ စနစ်ရှိရမည်၊ စေတနာရှိရမည်၊ ရိုးသားရမည်

နေပြည်တော် ဧပြီ ၉ ။ ။ ယခုအခါ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည်လည်း နိုင်ငံတော်သစ်နှင့်အတူ **စာမျက်နှာ ၆ ကော်လံ ၄ သို့**

မြတ်ရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် မအူတောကျေးရွာ၌ ဖွင့်လှစ်

နေပြည်တော် ဧပြီ ၉ ။ ။ နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၅ သိန်း၊ မြို့နယ် ဘက်စုံဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၄ါးသိန်းနှင့် **စာမျက်နှာ ၅ ကော်လံ ၅ သို့**

ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များကို ပိုမိုတန်ဖိုးထား လေးစားလာရေးအတွက် အရိုးကိုအရွက်မဖုံးစေသော ဆန်းသစ်တီထွင်မှုများ ဖော်ဆောင်သွား. . .

သတင်း (စာမျက်နှာ - ၃)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများ လိုက်နာရန်

သတင်း (စာမျက်နှာ - ၇)

PFA ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုအတွက် ရေပန်းစားနေသည့် နာဆရီ ဆန်ခါတင်စာရင်းတွင် ထွက်ပေါ်လာ

သတင်း(စာမျက်နှာ - ၁၁)

အီရတ်ကျူးကျော်စစ်ပွဲ ရှစ်နှစ်အလွန်ကာလ ပြောင်းလဲမှုမရှိသေးသော အီရတ်ပြည်သူများ၏ ဘဝပုံရိပ်

သတင်း(စာမျက်နှာ - ၄)

ကြေးမုံ The Mirror
၁၀-၄-၂၀၁၁
(တနင်္ဂနွေနေ့)

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်ကျေပွန်

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ဧပြီ ၈ ရက်တွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားရာတွင် **"တပ်မတော်အဖွဲ့အစည်းသည် စစ်ဘက်၊ နယ်ဘက် စည်းမျဉ်း၊ စည်းကမ်းဥပဒေများကို ပိုပြီး တိကျစွာလိုက်နာကြရမည် ဖြစ်ကြောင်း၊ စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုအတွက် တပ်တိုင်း၊ ရဲဘော်တိုင်းတွင် ရှိရမည့်အခြေခံအရည်အချင်း ငါးပါးနှင့် ပြည့်ဝနေအောင် အမြဲလေ့ကျင့်ပေးနေကြရမည် ဖြစ်ကြောင်း၊ စစ်မှုအတတ်ပညာများမှာ အမြဲတမ်းတိုးတက်နေသောကြောင့် အမြဲမပြတ်လေ့လာပြီး မိမိကိုယ်တိုင် တိုးတက်အောင် ကြိုးစားနေရန် လိုအပ်ကြောင်း"** မှာကြားသည်။

ယနေ့ကာလတွင် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကို တည်ဆောက်လျက်ရှိသည်။ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်ဟူသည့် စွမ်းရည်သုံးရပ် အစဉ်ပြည့်ဝနေစေရေး စီမံဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ အဘက်ဘက်က ပြည့်စုံစေရေး ကြိုးပမ်းစွမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်က ယုံကြည်အားကိုးရသည့် တပ်မတော်ဖြစ်လာမည်။ နိုင်ငံတကာက လေးစားရသည့် တပ်မတော်အဖြစ် ရောက်ရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ ပေါင်းစုနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ တိုင်းရင်းသားအားလုံး အေးအတူပူအမျှ ချစ်ချစ်ခင်ခင်နေထိုင်လျက်ရှိရာ ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာမြဲမြံမှုရှိသည်။ တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသော တပ်မတော်သားများသည် တာဝန်ကျရာဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို သယ်ပိုးထမ်းရွက်နေရာ ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းပြဆိုလျက်ရှိသည်။

တပ်မတော်အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှသည် လွတ်လပ်ရေးရပြီးကာလများအထိ ပြည်တွင်းပြည်ပ အန္တရာယ်အမျိုးမျိုးကို တိုင်းရင်းသားပြည်သူတို့နှင့် ပူးပေါင်းကာကွယ်စောင့်ရှောက်လာခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲအောင် သွေးခွဲသပ်လျှိုလုပ်ဆောင်မှုများ၊ ပြည်ပနိုင်ငံကြီးအချို့၏ ဩဇာခံနိုင်ငံဖြစ်ရေး ဖန်တီးလုပ်ကြံမှုဟူသမျှကိုလည်း တွန်းလှန်ခဲ့ရသည်။ ဆက်လက်၍လည်း တပ်မတော်၏ အဓိကတာဝန်ကြီးသုံးခုဖြစ်သော နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့်အညီ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရေးတွင် တပ်မတော်သားများသည် ပင်မစွမ်းအား လူသားအရင်းအမြစ်များဖြစ်သည်။ သင်တန်းဆင်းဗိုလ်လောင်းများ အပါအဝင် တပ်မတော်သားများအနေဖြင့် တပ်မတော်၏ မွန်မြတ်သောအစဉ်အလာကောင်းများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားကို စွမ်းစွမ်းတမံ ဆက်လက်သယ်ပိုး ထမ်းရွက်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား	
✪	ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪	ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအုန်းမြင့်အား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၉

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ United Nations Resident & Humanitarian Coordinator and UNDP Resident Representative Mr. Bishow B. Parajuli သည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန ဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံပြီး သမဝါယမဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အသေးစားချေးငွေလုပ်ငန်းနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ United Nations Resident & Humanitarian Coordinator and UNDP Resident Representative Mr. Bishow B. Parajuli လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေး ဟောပြောပွဲအခမ်းအနားကို မတ် ၂၄ ရက်က ကျုံတာကျေးရွာတွင် ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း တီဘီရောဂါစီမံချက် (ဖျာပုံ၊ ကျိုက်လတ်) တာဝန်ခံ ဆရာဝန် ဒေါက်တာဌေးမြင့် တီဘီရောဂါ ကင်းဝေးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေး ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောစဉ်။ (၅၄၀)

နယ်စပ်ရေးရာဝန်ကြီးဌာန သင်တန်းများဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဘဏ္ဍာရေး စည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၂၃)နှင့် စာရေးဝန်ထမ်း အထူးသင်တန်း အမှတ်စဉ်(၇၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်ကျော်ငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

အင်းစိန်မြို့နယ် တီရစ္ဆာန်ဆေးကုသိပ္ပံ အာစရိယပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

အင်းစိန်မြို့ တိရစ္ဆာန်ဆေးကုသိပ္ပံ ပူဇော်ကန်တော့ပွဲကို မတ် ၂၀ ရက်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးချုပ် ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ၁၉၄၁ ခုနှစ်မှစ၍ တိရစ္ဆာန်ဆေးကုသိပ္ပံ၌ ပညာသင်ကြားပေးခဲ့သော သက်ရှည်ဆရာကြီး ၂၃ ဦး အပါအဝင် ဆရာကြီး၊ ဆရာမကြီး ၄၃ ဦးတို့အား တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်သိန်းက မေတ္တာစကား ပြောကြားသည်။ ထို့နောက် ပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက (၁၃၅) ကြိမ်မြောက် တိရစ္ဆာန်ဆေးကုသိပ္ပံမဂ္ဂဇင်းထုတ်ဝေရခြင်းနှင့် အာစရိယပူဇော်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းမြင့်က ဘဏ္ဍာရေးရှင်းတမ်းကို တင်ပြကာ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ကြ၍ အလှူငွေများပေးအပ်ကြသည်။ ထို့နောက် ဆရာကြီးများကိုယ်စား ၁၉၄၁ ခုနှစ် တိ/ကု သိပ္ပံသင်တန်းဆင်း ဦးသန်းညွန့် အသက်(၉၃) နှစ်နှင့် သင်ကြားပို့ချခဲ့သော ဆရာ၊ ဆရာမများကိုယ်စား ဆရာ ဦးမြင့်သိန်း လ/ထ ညွှန်ကြားရေးမှူး (ငြိမ်း) တို့က ဆုံးမဩဝါဒစကား ချီးမြှင့်ပြောကြားကြပြီး (၂၁)ကြိမ်မြောက် ကျောင်းသားဟောင်း ဦးစိုးတင့်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (ကြေးမုံ)

Honeywell Air Cooler အသစ်များ စတင်ရောင်းချ

ရန်ကုန် ဧပြီ ၉

၁၉၉၃ ခုနှစ်မှစ၍ Monarch Company Limited မှ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် မလေးရှားနိုင်ငံမှ KHIND အမှတ်တံဆိပ်နှင့် ဩစတြေးလျနိုင်ငံမှ MISTRAL အမှတ်တံဆိပ် Electrical Home Appliance များကို ဖြန့်ချိလျက်ရှိသည်။ ယခုတစ်ဖန် အမေရိကန်နိုင်ငံတွင် အကျော်ကြားဆုံး တံဆိပ်ဖြစ်သည့် Honeywell Climate Control Evaporative (ရေငွေ့ပုံစနစ်သစ်) Air Cooler များနှင့် အိန္ဒိယနိုင်ငံမှ Khaitan တံဆိပ် Ceiling Fan ဒီဇိုင်းမျိုးစုံကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် စတင်ဖြန့်ချိလိုက်သည်။

Honeywell Air Cooler (CL60 PM) သည် Honey Comb Filter ပါရှိပြီး (Pressure Pump) စနစ်သစ် သုံးထားသည့်အတွက် ရိုးရိုးရေ၊ ရေခဲ၊ ရေခဲရေ၊ ရေခဲခြောက် စသည်တို့ကို အသုံးပြုနိုင်ပြီး စတုရန်းပေ ၈၅၀ ထိ အေးမြသော အအေးဓာတ် ရရှိစေပါသည်။ ရေလီတာ ၆၀ ဆံ့သော လှောင်ကန်ထဲသို့ ထည့်သွင်းပြီး ခြောက်သွေ့သောလေမှ ဖြတ်သန်းပြီး စိုထိုင်းသောလေနှင့် အေးမြသောလေကို ရရှိစေသည့် ထူးဆန်းသော စနစ်သစ်ဖြစ်ပြီး Compressor မပါရှိသည့်အတွက် Air Con နှင့် နှိုင်းယှဉ်လျှင် 80 % လျှပ်စစ်ဓာတ်ကို ချွေတာပေးသည်။

ယခုထပ်မံရောက်ရှိလာသော ဩစတြေးလျနိုင်ငံမှ MISTRAL အမှတ်တံဆိပ် ရေငါးလီတာဝင်ဆံ့ပြီး လေသန့်စင်စနစ်ပါရှိသည့် Digital Mist Fan (Water Spray Fan)ရေမှုန်လွှတ်သော ပန်ကာနှင့် Audio Buddy Fan ဟုခေါ် သော MP3 (Player Jack), SD Jack, USB တို့နှင့် တွဲသုံးနိုင်သော Loud Speaker ပါရှိသည့် မျှော်စင်ပန်ကာများ/ ရေ ၄၀ လီတာဆံ့ပြီး Double Stainless ပါရှိသော လျှပ်စစ်ရေအပူပေးစက်များကိုလည်း မိတ်ဆက်ဖြန့်ချိနေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်းရှိ စိန်ဂေဟာ/ Capital/ United Living Mall/ Super One/ Ocean / City Mart အစရှိသည့် ဆိုင်များအပြင် အရောင်းကိုယ်စားလှယ် ၂၅၀ တို့ထံတွင်လည်း ဝယ်ယူရရှိနိုင်သည်။ လက်လီလက်ကား ဝယ်ယူလိုပါက MACO Electronic (KHIND Digital World) Showroom အမှတ် ၂၀၄ မြေညီထပ် စက်ရုံလမ်း (MOB ဘဏ်ဘေး) မင်္ဂလာဈေးအနီး တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၅၁၃၀၊ ၀၁-၉၀၀၀၀၇နှင့် မန္တလေးမြို့ရုံးခွဲ KHIND Electro World အမှတ် (၁၃၄) (၂၆) လမ်း (၈၃ × ၈၄) လမ်းကြား အောင်မြေသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၃၆၇၂၀နှင့် ၀၉-၇၃၀၅၀၀၁၃ တွင် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ၂၀၁၀ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးနှင့် ရေးသူဖတ်သူ ဆွေးနွေးပွဲကို မတ် ၂၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ခရီးသွားလေ့လာရေး၊ ပညာရေးနှင့် သက်ကြီးပူဇော်ပွဲအဖွဲ့များ၏ခေါင်းဆောင် ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က ကျေးဇူးတင်စကား ပြောကြားစဉ်။ (ကြေးမုံ)

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ။

ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပိုမိုတန်ဖိုးထားလေးစားလာစေရေးအတွက် အရိုးကို အရွက်မဖုံးစေသော ဆန်းသစ်တီထွင်မှုများ ဖော်ဆောင်သွားကြရန် ဝန်ကြီး ဦးကျော်ဆန်း မှာကြား

ရန်ကုန် ဧပြီ ၉

ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ငန်းများသည် ကျယ်ပြန့်သိမ်မွေ့နက်နဲပြီး နိုင်ငံနှင့်လူမျိုးအတွက် အလွန်အရေးကြီးသော လုပ်ငန်းများဖြစ်ကြောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများ မပျောက်ပျက်စေရန်နှင့် နိုင်ငံနှင့်လူမျိုးအတွင်း ပျံ့နှံ့တည်ရှိနေစေရန် နိုင်ငံတော်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ ဘိုးဘေးများ အလေးထားစောင့်ရှောက်လာခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်များ အရှည်တည်တံ့ ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ရေးသည် မိမိတို့အတွက် အမျိုးသားရေး တာဝန်တစ်ရပ်ဖြစ်ကြောင်းဖြင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ယနေ့ နံနက် ၉ နာရီတွင် အမျိုးသားပြတိုက် (ရန်ကုန်)၌ ရန်ကုန်တိုင်းဒေသကြီးရှိ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကမ္ဘာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အလွန်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများ၊ တစ်နည်းအားဖြင့် Globalization ဆိုသည်မှာလည်း လျင်မြန်စွာ စီးဆင်းဖြစ်ပေါ်လာလျက်ရှိကြောင်း။

အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ နည်းပညာတိုးတက်မှုနှင့် ဓနအင်အားတောင့်တင်းမှုတို့က ကမ္ဘာ၌ ယဉ်ကျေးမှုများ တစ်သားတည်း ဖြစ်လာစေရေး Cultural Uniformization အယူအဆမှသည် Westernization ဟူသော အနောက်တိုင်းဆန်ရေး အယူအဆအထိ လွှမ်းမိုးပြောင်းလဲလာစေလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် ပြန်ကြားရေးနှင့်ပတ်သက်၍ မီဒီယာကိုယ်ခံစွမ်းအားကောင်းရန် လိုအပ်သကဲ့သို့ ယဉ်ကျေးမှုနှင့် ပတ်သက်လျှင်လည်း ယဉ်ကျေးမှုအနုပညာ ကိုယ်ခံစွမ်းအားများ ကောင်းနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ မပျောက်ပျက်စေရန်နှင့် နိုင်ငံနှင့်လူမျိုးအတွင်း ပျံ့နှံ့တည်ရှိနေစေရန်အတွက် နှစ်စဉ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ တစ်ဖက်၌လည်း အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ (မန္တလေး)နှင့် အနုပညာအထက်တန်းကျောင်းများစသော အတတ်ပညာသင်တက္ကသိုလ်နှင့် ကျောင်းများ တည်ထောင်ဖွင့်လှစ်ပေးပြီး ရိုးရာယဉ်ကျေးမှုနှင့် အနုပညာများကို မပျောက်ပျက်အောင်၊ မြင့်မားတိုးတက်အောင် ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို တစ်မျိုးသားလုံးက ပိုမိုလက်ခံတန်ဖိုးထား လေးစားလိုက်နာကျင့်သုံးလာအောင် ဖော်ဆောင်ပေးကြရန်နှင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများအား ကမ္ဘာကသိရှိလာရေး ကျယ်ပြန့်စွာ ထိုးဖောက်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း အမျိုးသားပြတိုက်(ရန်ကုန်) ရတနာပုံခေတ်ပြခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သုတေသနပညာရှင်များ၊ အနုပညာရှင်များအနေဖြင့် စာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြီး အရိုးကို အရွက်မဖုံးစေသော ဆန်းသစ်တီထွင်မှုများဖြင့် ဖော်ဆောင်သွားကြရန် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအတွင်းသာမက ဆက်စပ်နေသည့် ပြင်ပပညာရှင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပါ အတွင်းနှင့်အပြင် ချိတ်ဆက်ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ရုပ်ရှင်၊ ဂီတ စသည့် လုပ်ငန်းချင်းဆက်စပ်နေသော ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သင့်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ဆို၊ က၊ ရေး၊ တီး အနုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ပညာရှင်လောကသားများအား ရပ်တည်ရှင်သန်နိုင်အောင် အားပေးထောက်ကူမှုပြုပေးကြရန် လိုအပ်သကဲ့သို့ ၎င်းတို့၏ အနုပညာကို အသိအမှတ်ပြု အားပေးလက်ခံသောပရိသတ် တိုးပွားလာအောင်လည်း ဆွဲဆောင်မြှင့်တင်ပေးကြရမည် ဖြစ်ကြောင်းဖြင့် ဝန်ကြီးက ပြောကြားခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးနှင့် သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင်စိုးတို့က ရန်ကုန်တိုင်းဒေသကြီးရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဌာနခွဲတာဝန်ခံများနှင့် မိတ်ဆက်ပေးပြီး အမျိုးသားပြတိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဦးသောင်းဝင်းက အမျိုးသားပြတိုက်(ရန်ကုန်) ဖွင့်လှစ်ပြသမှုနှင့် ပြတိုက်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီး ဦးကျော်ဆန်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အမျိုးသားပြတိုက်(ရန်ကုန်)မြေညီထပ်ရှိ သမိုင်းသုတေသနဦးစီးဌာန စာအုပ်အရောင်းဆိုင်၊ သမိုင်းသုတေသနစာကြည့်တိုက်ဌာန၊ မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ ပဌမထပ်ရှိ မင်းခမ်းတော်ပစ္စည်းများ ပြခန်း၊ မြန်မာ့သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ခေတ်ဦးပြခန်း၊ သဘာဝသမိုင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အမျိုးသားပြတိုက်(ရန်ကုန်)ကို တနင်္လာ၊ အင်္ဂါနှင့်ပြန်တမ်းဝင် ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ထားရှိပြီး ဝင်ကြေးအဖြစ် လူကြီးတစ်ဦးလျှင်ငွေကျပ် ၅၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၂၅၀ နှင့် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၀-၄-၂၀၁၁ (တနင်္ဂနွေနေ့)

[၁၃၇၂ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်(အဖိတ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၇။ ခါသကြိန်အဆိုအကများ
- ၈း၁၀ ၈။ "ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"
- ၈း၃၀ ၉။ အတီးပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ ခါသကြိန်အဆိုအကများ
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ ခါသကြိန်အဆိုအကများ
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၃၂)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "ကညာပျို့နဲ့ဇရာအို" (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ ခင်သန်းနု၊ စံရှားတင်၊ခင်လေးဆွေ) (ဒါရိုက်တာ-ဘိတ်ကလာတဲ့ ငံပြာရည်)**
- ၂း၅၀ ၇။ International News
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (နေပြည်တော် FC နှင့် မနော်မြေ FC)
- ၅း၄၅ ၂။ ခါသကြိန်အဆိုအကများ
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း"(အပိုင်း-၁၅)**
- ၆း၄၀ ၆။ **တစ်မျက်နှာ၊ တစ်ကွက်စာ "သမီးမက်သူ"(ဒုတိယပိုင်း) (မိုးထက်ပိုင်၊ တေဇ၊ မိုးကောင်း၊ ရန်နိုင်၊ နေလ၊ ဟိန်းဇော်၊ ဦးခိုင်တင်၊ မေဟသ်ာ၊ ခိုင်ပွင့်၊ ဆုဝတီမိုး၊ ဂျူးဂျူးကော၊ သဇင်ထူးနိုင်၊ ဒေါ်ခင်မို့မို့အေး) [ဒါရိုက်တာ-မေတင်(MMG)]**
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း"(အပိုင်း-၃)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ"(ဒုတိယတွဲ) (အပိုင်း-၄)**
- ၁၂။ **ရုပ်မြင်သံကြားဇာတ်လမ်း "တန်ခူးလမှာရက်ရာဇာ" (စုမီ၊ သင်ဇာဝင့်ကျော်) [ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)]**
- ၁၃။ "ရင်လှိုင်းခတ်သံ တေးသီဟန်"
- ၁၄။ အစီအစဉ်ပြီး၏။



ပဲခူးမြို့ အထက(၃)တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ချီးမြှင့်ပွဲကို မတ် ၂၈ ရက်က ကျင်းပရာ မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်သူတစ်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ဇင်သက်ဦး ဂုဏ်ပြုလွှာချီးမြှင့်စဉ်။ (ပညာရေး)

အီရတ်ကျူးကျော်စစ်ပွဲ ရှစ်နှစ်ကျော်ကာလ လွန်မြောက်ခဲ့ချိန် အီရတ်ပြည်သူများ၏ဘဝပုံရိပ် ပြောင်းလဲမှုမရှိသေး

အမေရိကန်ဆန့်ကျင်ရေးဝါဒီ ရှီးယိုက်ဘာသာရေးခေါင်းဆောင် မွတ်တာဒါအယ်လ်ဆာဒါးကို ထောက်ခံသူထောင်ပေါင်းများစွာသော အီရတ်နိုင်ငံသားများသည် ဧပြီ ၉ ရက်က ဘဂ္ဂဒက်မြို့တော်အရှေ့ဘက်တွင်စုဖွဲ့ကာ အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံကို ကျူးကျော်ခဲ့သည့် ရှစ်နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ကျင်းပခဲ့ကြသည်။

ရုပ်သိမ်းရမည့် သတ်မှတ်ကာလဖြစ်သော ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်း၌ အမေရိကန်တပ်ဖွဲ့များ ဆက်လက်ရှိနေဦးမည်ဆိုပါက မိမိတို့၏ အမေရိကန်တပ်များဆန့်ကျင်ရေး လက်နက်ကိုင်လှုပ်ရှားမှုကို ပြန်လည်စတင်မည်ဖြစ်ကြောင်း အီရတ်ကျူးကျော်စစ် ရှစ်နှစ်ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ ရောက်ရှိလာသော အီရတ်နိုင်ငံသားများအား မွတ်တာဒါအယ်လ်ဆာဒါးက ကြေညာချက်ထုတ်ပြန်အသိပေးခဲ့သည်။

ဆက်ဒမ်ဟူစိန်အစိုးရကို ဖယ်ရှား၍ အီရတ်ပြည်သူများအား လွတ်မြောက်ခွင့်ပေးရန်ဟူသော အကြောင်းပြချက်ဖြင့် အမေရိကန်တပ်ဖွဲ့များ အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ထားသည်မှာ မတ် ၁၉ ရက်က ရှစ်နှစ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်ရာ ယနေ့ဆိုလျှင် ကိုးနှစ်တာကာလအတွင်း ဝင်ရောက်လာပြီဟု ဆိုနိုင်သည်။

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုနှင့်လည်း သက်ဆိုင်ခြင်းမရှိ၊ ထောက်လှမ်းရေးသတင်းများ၌ စွပ်စွဲထားသကဲ့သို့ လူအစုလိုက်အပြုံလိုက် သေစေနိုင်သော လက်နက်မျိုးကိုလည်း ပိုင်ဆိုင်ထားခြင်းမရှိသော အီရတ်နိုင်ငံကို ကျူးကျော်သည့်စစ်ပွဲအား အမိမြေကာကွယ်သည့်စစ်ပွဲ၊ အီရတ်ပြည်သူများကို လွတ်မြောက်စေမည့်စစ်ပွဲအဖြစ် အမေရိကန်အစိုးရက အမွမ်းတင်ခဲ့သည်။

အီရတ်စစ်ပွဲမတိုင်မီကာလက အမေရိကန်တပ်ဖွဲ့ဝင်များကို လွတ်လပ်မှု ကာကွယ်စောင့်ရှောက်သူများအဖြစ် ဆီးကြိုဂုဏ်ပြုခံရမည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် အီရတ်ရေနံကိုပင် ပြန်လည်အသုံးပြုမည်ဖြစ်ကြောင်း အမေရိကန် လက်ထောက်ကာကွယ်ရေးဝန်ကြီးက ဆိုသည်။ ထိုစဉ်က အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီကလည်း အီရတ်စစ်ပွဲသည် လနှင့်ချီ၍ပင် အချိန်ယူရမည်မဟုတ်ကြောင်း ပြောကြားခဲ့သကဲ့သို့ လက်ထောက်ကာကွယ်ရေးဝန်ကြီးကလည်း လွတ်မြောက်လာသောအီရတ်သည် ပန်းခင်းလမ်းပေါ် လျှောက်ရလိမ့်မည်ဟူ၍ပင် ဆိုခဲ့ဖူးသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ် ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာနေရာ၌ ပူဆွေးသောက ရောက်နေသော အီရတ်အမျိုးသမီး တစ်ဦးကို တွေ့ရစဉ်။

ဤသို့ဖြင့် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်မှုနှင့် ဆက်စပ်သည်ဆိုမှု၊ လူအစုလိုက်အပြုံလိုက် သေစေနိုင်သည့် လက်နက်များပိုင်ဆိုင်ထားသည်ဆိုမှု စသော ရေရာခြင်းမရှိလှသည့် အကြောင်းပြချက်များဖြင့် အီရတ်စစ်ပွဲ စတင်ခဲ့ရာ ယနေ့ဆိုလျှင် အီရတ်စစ်ပွဲသည် စစ်ပွဲကာလ ရှစ်နှစ်ပြည့်၍ ကိုးနှစ်အတွင်းဝင်ပြီဖြစ်သည်။

သို့ဖြစ်ရာ စစ်ပွဲကာလရှစ်နှစ်အလွန်၌ အမေရိကန်တာဝန်ရှိသူတစ်ဦး ဟောကိန်းထုတ်ခဲ့ဖူးသော လွတ်မြောက်လာသည့် အီရတ်၏ပန်းခင်းလမ်းအခြေအနေကို ပြန်လည်လေ့လာသုံးသပ်ရန် အခါတိုင်ပြီဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင် ၄၄၀၀ ကျော်

ရှစ်နှစ်ကျော်ကြာ အီရတ်ကျူးကျော်စစ်ကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် ၄၄၄၀ ကျော်သေဆုံးခဲ့ရပြီး ၃၂၀၀၀ ကျော်မျှ ဆိုးရွားသောဒဏ်ရာများရခဲ့ကြပြီး ခေတ်သစ်ဆေးပညာ၏အစွမ်းကြောင့်သာ အတော်များများအသက်ဘေးမှကင်းလွတ်ခွင့်ရခဲ့သည်။ အီရတ်စစ်ပွဲကို အကြောင်းပြု၍ စိတ်ဖိစီးမှုဝေဒနာခံစားရသည့် စစ်ပြန်ဦးရေသည် ၂၀၂၃ ခုနှစ်တွင် ၃၅ ရာခိုင်နှုန်းမျှ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ခန့်မှန်းကြသည်။

၂၀၁၀ ခုနှစ်ကို အီရတ်စစ်ပွဲကာလတစ်လျှောက် အမေရိကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကိုယ်သတ်သေမှုနှုန်း ဒုတိယအများဆုံး နှစ်အဖြစ် ဆိုရမည်ဖြစ်သည်။

အီရတ်ပြည်သူများသေဆုံးမှု

အမေရိကန်သမ္မတဂျော့ဒဗလျူဘုရှ်အစိုးရအဖွဲ့မှ ဒုတိယ ကာကွယ်ရေးဝန်ကြီး ကင်အဒယ်လ်မင် ၂၀၀၃ ခုနှစ်အတွင်း ဟောကိန်းထုတ်ခဲ့သည့် စစ်ပွဲအလွန် အီရတ်ပန်းခင်းလမ်းကို နဖူးတွေ့ဒူးတွေ့ကြုံခဲ့ရသူများမှာ အီရတ်နိုင်ငံသားများသာဖြစ်ကြသည်။

ဂျက်ဖရီဂိုးလ်ဘတ်ဂ်ကဲ့သို့သော ဝါဒဖြန့်ချိရေးသမား

အမေရိကန်တပ်ဖွဲ့များ သုံးစွဲခဲ့သော ယူရေနီယမ် အားပျော့လက်နက်များကြောင့် လူစဉ်မမီမွေးဖွားလာခဲ့ရသော ဖလူးဂျာမြို့မှ အီရတ်ကလေးငယ်တစ်ဦး။

များက အီရတ်ပြည်သူများ လွတ်မြောက်ရေးအတွက်၊ လူ့ကျင့်ဝတ် သိက္ခာအတွက် ဆင်နွှဲရသောစစ်ပွဲဟူ၍ အမည်တပ်ထားသော အီရတ်စစ်ပွဲအတွင်း အီရတ်ပြည်သူသောင်းနှင့် သိန်းနှင့်ချီ၍ သေဆုံးခဲ့ကြရသည်။

အီရတ်စစ်ပွဲအတွင်းသေဆုံးသူ စာရင်းကောက်ယူရေးအဖွဲ့ (အိုင်ဘီစီ)၏ စာရင်းဇယားများအရ အမေရိကန်ဦးဆောင်ပါဝင်သော အီရတ်စစ်ပွဲ၏ တိုက်ရိုက်အကျိုးဆက်ကြောင့် သေဆုံးသူအီရတ်ပြည်သူ ၉၉၉၀၀ ရှိခဲ့ကြောင်း သိရသည်။ သို့ရာတွင် အိုင်ဘီစီ၏ စာရင်းဇယားမှာ အနောက်အုပ်စုမီဒီယာများ၏ ထုတ်ပြန်မှုများကိုသာ အခြေခံထားခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အောက်တိုဘာလက ဝီကီလိစ်ခ်အင်တာနက်ဝက်ဘ်ဆိုက်မှ ထွက်ပေါ်ခဲ့သော လျှို့ဝှက်သံတမန်မှတ်တမ်းများတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသော အီရတ်အရပ်သား ၁၅၀၀၀ ကျော်၏ စာရင်းကိုအမေရိကန်အစိုးရက ဖုံးကွယ်ထားကြောင်း ဖော်ပြထားသည်။ အဆိုပါကိန်းဂဏန်းပမာဏကို မည်သည့်အနောက်တိုင်းသတင်းဌာနကမျှ ဖော်ပြခဲ့ခြင်းမရှိသော်လည်း အိုင်ဘီစီကထုတ်ပြန်သော သေဆုံးသူဦးရေစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းရှိသည်။

ဗြိတိသျှစီးပွားရေးသုတေသန သဘောထားကောက်ခံရေးအဖွဲ့တစ်ဖွဲ့၏ ၂၀၀၈ ခုနှစ်က ထုတ်ပြန်သည့် စစ်တမ်းတစ်ရပ်တွင် ၂၀၀၃ ခုနှစ်မှစတင်ခဲ့သော အီရတ်နိုင်ငံအတွင်း အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၀၀၀၀၀၀ သေဆုံးခဲ့ရကြောင်း ဖော်ပြခဲ့ဖူးသည်။

စွမ်းအင်ပြတ်လပ်မှု

၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲမတိုင်မီ နှစ်ပေါင်းများစွာခံစားခဲ့ရသည့် စစ်ဒဏ်နှင့် စီးပွားရေးပိတ်ဆို့မှုဒဏ်များကြောင့် တစ်ချိန်ကကြွယ်ဝ ချမ်းသာခဲ့သော အီရတ်နိုင်ငံ၏ အခြေခံအဆောက်အအုံများနှင့် အခြေခံဝန်ဆောင်မှုလုပ်ငန်းများ ယိုယွင်းခဲ့ရသည်။ ၂၀၀၃ ခုနှစ် ကျူးကျော်စစ်ကာလတွင်မှ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုများကြောင့် အီရတ်နိုင်ငံအတွင်းရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ရေဆိုးထုတ်စနစ်များ၊ ရေသန့်စင်ရေးစက်ရုံများ၊ ဆေးရုံများ စသည်ဖြင့် လူမှုရေးနှင့် စီးပွားရေးကဏ္ဍ အဆောက်အအုံများ ဖျက်ဆီးခံခဲ့ရသည်။ အီရတ်စစ်ပွဲအလွန် ကာလတွင် အီရတ်ပြည်သူတို့၏ ဘဝနေထိုင်မှုအဆင့်အတန်းမှာ ပြောင်းလဲခြင်းမရှိဘဲ ပိုမို၍သာဆိုးရွားလာသည်ကို တွေ့ရသည်။ နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားပြတ်လပ်မှု၊ သန့်ရှင်းသော သောက်သုံးရေနှင့် ဆေးဘက်ဆိုင်ရာကုသမှုနှင့် လုံခြုံရေးကင်းမဲ့ပြတ်လပ်မှုများ ရင်ဆိုင်နေရသည်။

ကမ္ဘာ့အင်အားအကြီးဆုံးလက်နက်နိုင်ငံကြီးက ဝင်ရောက်သိမ်းပိုက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ဒေါ်လာဘီလီယံပေါင်းများစွာ ပုံအောသုံးစွဲပေးခဲ့သော၊ ကိုယ်နှိုက်ကလည်း ရေနံသိုက်များသူဌေးဖြစ် ပိုင်ဆိုင်ထားသော အီရတ်နိုင်ငံ၌ နေထိုင်နေရသော်လည်း အမှောင်ထဲမှာပင်နေနေရသည့် အီရတ်ပြည်သူတို့၏အဖြစ်မှာ အံ့သြဖွယ်ပင်ကောင်းလှသည်။

ဇာတိရပ်ရွာစွန့်ခွာရသူသန်းပေါင်းများစွာ

၂၀၀၃ခုနှစ် အီရတ်စစ်ပွဲကာလမှစတင်၍ အီရတ်ပြည်သူ ၄ ဒသမ ၇ သန်းကျော်သည် အကြမ်းဖက်တိုက်ခိုက်မှုများရန်မှ ရှောင်ရှားနိုင်ရန် ၎င်းတို့၏ အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ထုတ်ပြန်ခဲ့ဖူးသည်။ ယင်းသို့ အိုးအိမ်များစွန့်ခွာထွက်ပြေးရသူအများအပြားမှာလည်း လူသားချင်းစာနာထောက်ထားသမှုဖြင့် အရေးတကြီးစောင့်ရှောက်ရန်လည်း လိုအပ်နေသည်ဟု ဆိုသည်။

အီရတ်ဒုက္ခသည်အများစုသည် အီရန်၊ ဂျော်ဒန်နှင့် ဆီးရီးယားနိုင်ငံများသို့ သွားရောက်ခိုလှုံနေကြပြီး ၁ ဒသမ ၅ သန်းခန့်မှာမူ ပြည်တွင်းအနှံ့လှည့်လည် ခိုလှုံနေကြရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

ဒုက္ခသည်သန်းပေါင်းများစွာတို့သည် မိမိတို့၏နေရင်းရပ်ရွာများသို့ ပြန်ရောက်နိုင်တော့ခြင်းမရှိပေ။

အမျိုးသမီးများ၏ဘဝ

၂၀၀၃ ခုနှစ် အီရတ်ကျူးကျော်စစ်၏ဒဏ်ကို အထူးသဖြင့် အီရတ်အမျိုးသမီးများ ခံစားခဲ့ကြရသည်။ အီရတ်အစိုးရ၏ ခန့်မှန်းချက်အရ ယနေ့အထိ တိုက်ခိုက်မှုများအတွင်း ၎င်းတို့၏ ခင်ပွန်းတို့ကို ဆုံးရှုံးခဲ့ရသူ အီရတ်အမျိုးသမီးသုံးသန်းကျော်ရှိကြောင်း အီရတ်အစိုးရက တွက်ချက်ထားသည်။

တစ်ချိန်တည်းမှာပင် သိက္ခာဆယ်သတ်ဖြတ်ခံရခြင်း၊ မတရားအကျင့်ခံရခြင်း၊ ပြန်ပေးဆွဲခြင်းစသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပိုမိုတိုမြင့်လာသည်။ ယင်းအတွက်ကြောင့် အီရတ်အမျိုးသမီးအတော်များများသည် အိမ်တွင်း၌သာ နေကြရပြီး အလုပ်အကိုင်နှင့် ပညာသင်ကြားမှု အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည်။

ပြင်ပနိုင်ငံများသို့ ထွက်ပြေးကြသူ အီရတ်အမျိုးသမီးများ အနက် ငယ်ရွယ်သူများမှာ လိင်ကျွန်အဖြစ် အဓမ္မသွတ်သွင်းခံရသည့်အဖြစ်များလည်း ကြုံတွေ့ခဲ့ရသည်။

အဆိပ်သင့်ခဲ့ရသည့်အီရတ်လူ့အဖွဲ့အစည်း

စစ်ပွဲကာလအတွင်း အမေရိကန်စစ်ဘက်သည် အီရတ်နိုင်ငံတစ်ဝန်း ယူရေနီယမ်အားပျော့ဗုံး ထောင်ပေါင်းများစွာတို့ကို ကြဲချခဲ့သည်။ နျူကလီးယားလောင်စာတောင့် ထုတ်လုပ်ရာမှ ဘေးထွက်ပစ္စည်းအဖြစ်ပေါ်ထွက်လာသော အားပျော့ယူရေနီယံများပါရှိသည့် ဗုံးများသည် ယင်းတို့ကိုကြဲချခဲ့ပြီး နှစ်ပေါင်းများစွာကြာသည်အထိ အီရတ်ပြည်သူများကို ဆက်လက်သတ်ဖြတ်နိုင်သည့်အစွမ်း ရှိသည်။

အင်ဒီပင်းဒင့်သတင်းစာ၏အဆိုအရ ယူရေနီယမ်အားပျော့လက်နက်များအသုံးပြု၍ အများဆုံးတိုက်ခိုက်ခံခဲ့ရသော ဖလူးဂျာမြို့တွင် ကလေးသူငယ်များသေဆုံးမှုနှုန်းနှင့် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း အလွန်မြင့်တက်ခဲ့ရသည်ကို ဗြိတိသျှသုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်ဟုဆိုသည်။

အယ်လ်ဂျာဇီးရားသတင်းဌာန၏ ထုတ်ပြန်ချက်အရ အီရတ်နိုင်ငံအလယ်ပိုင်း ဘာဘေးလ်ပြည်နယ်၌ ကင်ဆာရောဂါဖြစ်ပွားမှုသည် ၂၀၀၄ ခုနှစ်တွင် ၅၀၀ သာရှိခဲ့သော်လည်း ၂၀၀၈ ခုနှစ်တွင် ၇၀၀၀အထိမြင့်တက်ခဲ့ကြောင်းသိရသည်။

အကြမ်းဖက်ဝါဒ အားကောင်းလာခြင်း

အမေရိကန်သမ္မတဂျော့ဂ်ျဒဗလျူဘုရှ်အစိုးရက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားသော အကြောင်းပြချက်များတွင် အီရတ်နှင့် အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်ဆက်နွှယ်မှုရှိသည်ဆိုသော အချက်တစ်ချက်လည်း ပါဝင်ခဲ့သည်။

သို့ရာတွင် အီရတ်စစ်ပွဲသည် အကြမ်းဖက်ဝါဒ ပိုမိုအားကောင်းလာစေရန် တွန်းအားပေးခဲ့ကြောင်း အမေရိကန်ထောက်လှမ်းရေးအေဂျင်စီများက စစ်ပွဲအလွန်ကာလတွင် အသိအမှတ်ပြုလာရသည်ဟု အမေရိကန်တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားဖူးသည်။

အမှန်အားဖြင့် အယ်လ်ခိုင်ဒါများအတွက် အကောင်းဆုံးအင်အားစုဆောင်းရေးကြော်ငြာမှာ အီရတ်စစ်မြေပြင်သို့ တပ်ဖွဲ့များ စေလွှတ်ခဲ့သည့် ဘုရှ်အစိုးရအဖွဲ့နှင့် ၎င်း၏မဟာမိတ်များ၏ ပုံရိပ်များသာဖြစ်ကြောင်း ဆိုနိုင်သည်။

ဆိုရလျှင် ရှစ်နှစ်ကျော်၍ ကိုးနှစ်အတွင်းဝင်ရောက်လာပြီဖြစ်သော အီရတ်စစ်ပွဲကြောင့် အီရတ်နိုင်ငံသားများအနေဖြင့် အမေရိကန်တာဝန်ရှိသူများ တစ်ချိန်ကမျှော်လင့်ခဲ့ဖူးသော ပန်းခင်းလမ်းပေါ်သို့ ရောက်နိုင်သေးခြင်းမရှိပေ။ ယင်းအပြင် ဧပြီ ၆ ရက်တွင် စတင်ခဲ့သော နှစ်ရက်ကြာအီရတ်ခရီးစဉ်အတွင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်က ၂၀၁၁ ခုနှစ်အလွန်၌ လိုအပ်ပါက အီရတ်တွင် အမေရိကန်တပ်ဖွဲ့များ ဆက်ရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

ဤတွင် အမေရိကန်ဆန့်ကျင်ရေးသမား ရှီးယိုက်ဘာသာရေးခေါင်းဆောင် မွတ်တာဒါအယ်လ်ဆာဒါးက ရုပ်သိမ်းရမည့် ကာလထက်ကျော်လွန်၍ အမေရိကန်တပ်ဖွဲ့များဆက်ရှိပါက လက်နက်စွဲကိုင် ဆန့်ကျင်မည်ဖြစ်ကြောင်း သတိပေးခဲ့ရာ လွတ်လပ်ခဲ့ပြီဟုဆိုကြသည့် အီရတ်အနာဂတ်အရေးမှာ ခန့်မှန်းရခက်လှသည်။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိ ပေါက်ကွဲမှုဒဏ်ခံ ကွန်ကရစ်တံတိုင်း တစ်ခုနှင့်အတူ တွေ့ရသော အီရတ် အမျိုးသမီးတစ်ဦး။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့် ကုန်သည်/စက်မှု အသင်းချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကုန်သည်/စက်မှု အသင်းဝင်များ၊ ညီနောင်အသင်းများ၊ နယ်စပ်ကုန်သွယ်ရေးအသင်းများမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

❁ ကုန်သွယ်မှုလုပ်ငန်းများမှ

ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံးက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရေးနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့်က ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ UMFCCI အသင်းချုပ် မင်္ဂလာခန်းမ၌ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကုန်သည်/စက်မှု အသင်းများ၊ ညီနောင်အသင်းများနှင့် ကုန်စည်ဒိုင်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ၌ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ(၁)၌ မြန်မာနိုင်ငံသားများဘဏ်နှင့် မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း (MITS) မှ တာဝန်ရှိသူများအား လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရုံး ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနနှင့် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးတို့မှ အရာထမ်းများအားလည်းကောင်း တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင် ခုတင်(၁၀၀၀) နေပြည်တော် ပြည်သူ့ဆေးရုံကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။
(ကျန်းမာရေး)

❄စရိတ်မျှပေးစနစ်မှ

(Guide Line)နှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတစ်ဝန်းတွင် ခေတ်မီဆေးရုံကြီးများ၊ လူနာကုသဆောင်များ၊ ဓာတ်ခွဲခန်းများ၊ ဓာတ်မှန်ခန်းများ၊ ဆရာဝန်များနှင့် ဝန်ထမ်းများကို နိုင်ငံတော်က အကုန်အကျခံကာ တည်ဆောက်ဖြည့်ဆည်းပေးထားပြီး စရိတ်မျှပေးစနစ် ကျင့်သုံးနေသည်ကို ပြည်သူအများ ရှင်းလင်းစွာသိရှိနားလည်သဘောပေါက်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဖေသက်ခင်က ဧပြီ ၈ ရက် နံနက် ၉ နာရီခွဲတွင် ခုတင်(၁၀၀၀) နေပြည်တော် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်စဉ် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ဖြူဖြူနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးက ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်သည့် မည်သူ့ကိုမဆို မုဒိတာပွားကာ အချင်းချင်း စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြစေလိုကြောင်း၊ မိမိ၏ ပညာဖြင့် စိတ်ကောင်းစေတနာထား ကြိုးစားဆောင်ရွက်မှုသည် အချည်းအနှီးမဖြစ်၊ စေတနာ တုံ့ပြန်မှုအကျိုးကို ခံစားစံစားရမှာဖြစ်ကြောင်း။

လာဘ်ပေးလာဘ်ယူ ကင်းစင်သည့် ရိုးသားကြိုးစား စေတနာထားသော အရည်အချင်းပြည့်ဝသည့် ဝန်ထမ်းကောင်းများဖြစ်အောင် တာဝန်ခံ ခေါင်းဆောင်များက လေ့ကျင့်သင်ကြားပေးစေလိုကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ၊ ပြည်သူများအတွက် အထောက်အပံ့များကို အကျိုးရှိစွာ အသုံးပြုရန်နှင့် အလေအလွင့်မရှိစေရေးကို သတိပြုဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ခုတင်(၁၀၀၀) နေပြည်တော် ပြည်သူ့ဆေးရုံကြီး၏ ပြင်ပလူနာဌာန၌ လူနာများလာရောက်ပြသမှုတို့ကိုလည်းကောင်း၊ ဓာတ်မှန်နှင့် ပုံရိပ်ဖော်ဌာနရှိ ဓာတ်မှန်စက် (X-ray) အဆင့်မြင့် ပုံရိပ်ဖော် ဓာတ်မှန်ရိုက်စက် CT, MRI စက်များအသုံးပြုမှုတို့ကိုလည်းကောင်း၊ လူနာဆောင်များနှင့် ရောဂါရှာဖွေရေးဓာတ်ခွဲဌာန၊ သွေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်ကုသဆောင်၊ အထူးကြပ်မတ်ကုသခန်းများ၊ နှလုံးသွေးကြောပိုက်ထည့် စမ်းသပ်ခန်း၊ လေ့ကျင့်စက်ဖြင့် နှလုံးစမ်းသပ်ခန်း၊ ရင်ခေါင်းနှင့် နှလုံးဆေးကုဌာန၊ ရင်ခေါင်းနှင့်နှလုံးခွဲစိတ်ကုဌာန၊ ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ကုဌာန၊ အဏုမြူဓာတ်ရောင်ခြည်ကုဌာန အဆောက်အအုံဖွဲ့စည်းတည်ဆောက်ထားရှိမှုနှင့် စက်ပစ္စည်းကိရိယာများ ဖြည့်ဆည်းရောက်ရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်ချက်များကို တာဝန်ရှိသူများအား ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

✤ မြတ်ရတနာမှ

ကျေးရွာပြည်သူလူထုမှ ထည့်ဝင်လှူဒါန်းငွေကျပ်ကိုးသိန်းတို့ဖြင့် ကျခံတည်ဆောက်ပြီးစီးသော နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု မအူတောကျေးရွာ မြတ်ရတနာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်နှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဧပြီ ၂ ရက် နံနက် ၈ နာရီတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်) ဦးအေးကြွယ်၊ ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်တို့က လှူဒါန်းငွေများ၊ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းမှ လှူဒါန်းသော သုတ/ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ အဆောက်အအုံမှာ(၂၇ ပေ ×၂၃ ပေ) သွပ်မိုး၊ အုတ်နံရံကပ် တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇေယျာသီရိမြို့နယ် မအူတောကျေးရွာ မြတ်ရတနာ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲ ကျင်းပစဉ်။
(ပြန်/ဆက်)

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် စည်ပင်သာယာရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ ဗညားဒလလမ်းဆုံမှ သမိန်ဗရမ်းလမ်းဆုံအထိ ကွန်ကရစ်လမ်းချော ထပ်ပိုးခင်းနေမှုနှင့် ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ အဆိုပါလမ်းသည် လမ်းအရှည်ပေ ၂၈၅၀ နှင့် အကျယ် ၇၂ ပေရှိခြောက်လမ်းသွားဖြစ်ပြီး ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ဆက်လက်၍ သဃ်န်းကျွန်းမြို့နယ် သဃ်န်းကျွန်း အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးလုပ်ငန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အဆင့်မြင့်မင်္ဂလာဈေးပြုပြင်တည်ဆောက်နေမှုလုပ်ငန်း၊ ကမာရွတ်မြို့နယ် ကမ်းနားလမ်းရှိ ဆင်မလိုက် အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးလုပ်ငန်းနှင့်လှိုင်မြို့နယ် ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာ ဘုရင့်နောင် ငါးဈေးသစ်တည်ဆောက်ရေးလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**(အောက်ပုံ)**

ထို့နောက် မြို့တော်ဝန်သည် ဘုရင့်နောင်လမ်းရှိ သီရိမင်္ဂလာဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှုကိုလည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်ရှိ ထောက်ကြန့်ကြက်မွေးမြူရေးစခန်း၊ ပျဉ်းမပင်ရှိ အစာစပ်စက်ရုံနှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ စိုက်ပျိုးမွေးမြူရေးစခန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြောက်ဥက္ကလာ အမက(၁၁) အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် အမက(၁၁)ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၇ ခုနှစ်မှ ၂၀၁၀ ခုနှစ် ပညာသင်နှစ်များအတွင်း ပညာသင်ပေးခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ကိုထွန်းအောင်ကျော် ဖုန်း-၀၉-၇၃၀၄၆၃၉၆၊ ကိုခင်အောင်ကြည် ဖုန်း-၀၉-၈၆၁၅၂၈၄၊ ကိုဇော်ထက် ဖုန်း-၀၁-၉၆၉၀၀၈၁၊ ဒေါ်စန်းစန်းဝေ ဖုန်း-၀၁-၉၆၉၁၀၅၅ (လိုင်းခွဲ-၃၀၁)နှင့် ကိုခင်အောင်လှ ဖုန်း-၀၉-၅၁၆၁၅၉၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဗလငါးတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဖဲကြိုးဖြတ်ဖွင့်လှစ်

(၆၆)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ် ပိန်းအင်းကျေးရွာတွင် ဆည်ရေတင်ခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဟိန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။
(မြို့နယ်စည်ပင်)

ဖတ် စ ရာ မှတ် စ ရာ

သောကဝေးအောင် မီးဘေးရှောင် မလောင်ခင်ကတားဆီးကြ

မျက်မှောက်ကာလတွင် Global Warming ခေါ် တစ်ကမ္ဘာလုံး ပူနွေးလာမှုဖြစ်စဉ်ကြောင့် Climate Change ခေါ် ရာသီဥတုပြင်းထန်းစွာ ဖောက်ပြန်ပြောင်းလဲလျက်ရှိသည်။ အပူအအေး လွန်ကဲမှုများကြောင့် သဘာဝဘေးဒဏ်များကို မကြာခဏတွေ့ကြုံခံစားလာရသည်။ မိုးသည်းထန်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းမုန်တိုင်း တိုက်ခတ်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မိုးခေါင်ခြင်း၊ တောမီးလောင်ခြင်း၊ မြေပြိုခြင်း စသော ဘေးဒုက္ခ မျိုးစုံကို နေရာဒေသမျိုးစုံ၌ တွေ့ကြုံခံစားနေရသည်။

အရင်းစစ်လျှင် အမြစ်မြေက ဆိုသကဲ့သို့ပင် ယနေ့ လူသားတို့ခံစားနေရသော ဘေးဒုက္ခမျိုးစုံသည် မဆင်မခြင်ပြုကျင့်ခဲ့ကြသော လူသားတို့၏ တစ်ကိုယ်ကောင်းဆန်မှုများကြောင့် ဖြစ်ကြောင်း လေ့လာဆန်းစစ်မိခဲ့ကြပြီဖြစ်၍ ကမ္ဘာမြေကို ကယ်တင်ရန် လူသားတိုင်းတွင် တာဝန်ရှိကြောင်း သိရှိလက်ခံလာကြပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဂေဟစနစ် မပျက်ယွင်းစေရေးတို့အတွက် ရှေ့တန်းတင်ဆောင်ရွက်လာကြရပြီဖြစ်သည်။ သဘာဝသစ်တောများနှင့် ဒီရေတောများသည် ရာသီဥတု ကောင်းမွန်မှန်ကန်မှုနှင့် သဘာဝဘေးဒဏ်များကို သဘာဝအလျောက် တားဆီးကာကွယ်ပေးနိုင်သော လူသားတို့၏ ထာဝရ မိတ်ဆွေများဖြစ်ကြောင်း သိရှိလက်ခံ၍ ထိန်းသိမ်းပြုစုလာကြပြီဖြစ်သည်။ နောင်အနာဂတ်တွင် သဘာဝဘေးဒဏ်များ လျော့နည်းပပျောက်သွားစေပြီး ကမ္ဘာ့ရာသီဥတုများ လွန်ခဲ့သောရာစုနှစ်များစွာကကဲ့သို့ ပုံမှန်ပြန်လည်ရောက်ရှိလာစေရန် လာခဲ့ကြရသည်။ နောင်အခါ လူသားတို့သည် အလွန်အသုံးဝင်သောမီးကို အချိန်အခါမရွေး အလွယ်တကူအသုံးပြုနိုင်အောင် စီမံဖန်တီးနိုင်ခဲ့ကြသည်။

လူသားတို့အား လွန်စွာအကျိုးပြုသော မီးသည် သူ့အား မလေးမစားသုံးစွဲခြင်း၊ မေ့လျော့ပေါ့ဆစွာ ထားရစ်ခြင်းများကိုမူ သည်းမခံတတ်ပေ။ လွန်စွာ ဒေါသထွက်၍ ဟုန်းဟုန်းတောက်အောင် လောင်မြိုက်ဝါးမြို တတ်လေသည်။

၂၀၁၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း နိုင်ငံတစ်ဝန်းတွင် မီးလောင်မှု (၆၄)ကြိမ် ဖြစ်ပွားခဲ့သည်။ အိမ်ခြေအဆောက်အအုံ ၆၄ လုံး မီးလောင်ခံခဲ့ရပြီး မီးဘေးဒုက္ခသည် ၂၀၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ငါးဦးဒဏ်ရာရရှိခဲ့ပြီး သုံးဦးသေဆုံးခဲ့သည်။ ယင်းမီးလောင်မှု (၆၄) ကြိမ်တွင် မီးဖိုမီး၊ ပေါ့ဆမီး (၅၅) ကြိမ်၊ အလိုအလျောက်မီး သုံးကြိမ်၊ လျှပ်စစ်မီး ခြောက်ကြိမ်ပါဝင်ခဲ့ရာ မဆင်မခြင် ပေါ့ပေါ့ဆဆ သုံးစွဲမှုကြောင့် အများဆုံးမီးလောင်ခဲ့ပြီး စုစုပေါင်း မီးလောင်မှု၏ ၈၅ ဒသမ ၉၄ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ်အတွင်း မီးလောင်မှုအများဆုံးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ မန္တလေးတိုင်းဒေသကြီး (၁၉၃)ကြိမ်၊ ရန်ကုန်တိုင်းဒေသကြီး (၁၃၁)ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီး (၉၂)ကြိမ်၊ နေပြည်တော်(၈၅)ကြိမ်၊ ပဲခူးတိုင်းဒေသကြီး အကြိမ်(၈၀)၊ မကွေးတိုင်းဒေသကြီး(၆၉)ကြိမ်နှင့် ရှမ်းပြည်နယ် (၆၁)ကြိမ် အသီးသီးတို့ဖြစ်ကြသည်။ နှစ်အလိုက် မြန်မာနိုင်ငံ၏ မီးလောင်မှုအခြေအနေကို အောက်ပါအတိုင်း တွေ့ရှိရသည်။

စဉ်	ခုနှစ်	အကြိမ်အရေအတွက်	ခန့်မှန်းခြေဆုံးရှုံးမှုတန်ဖိုး(ကျပ်သန်း)
၁။	၂၀၀၀	၈၇၆	၃၆၈ . ၇၂
၂။	၂၀၀၁	၈၆၈	၄၈၃၀ . ၃၉
၃။	၂၀၀၂	၈၄၃	၅၂၃ . ၀၁
၄။	၂၀၀၃	၇၆၀	၇၁၄ . ၇၄
၅။	၂၀၀၄	၉၅၆	၁၀၄၅ . ၃၂
၆။	၂၀၀၅	၈၃၅	၂၀၀၀ . ၅၄
၇။	၂၀၀၆	၈၃၃	၈၅၉ . ၆
၈။	၂၀၀၇	၉၄၄	၉၆၉ . ၄၃
၉။	၂၀၀၈	၇၉၉	၃၉၄၅ . ၇၅
၁၀။	၂၀၀၉	၇၁၄	၉၄၀၇ . ၅၆
၁၁။	၂၀၁၀	၉၂၀	၂၄၁၈၄ . ၀၃

ရည်စူး၍ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကြိုးပမ်းဆောင်ရွက်နေကြရခြင်းပင် ဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် သဘာဝဘေးဒဏ်မျိုးစုံကို ကြုံတွေ့ရသကဲ့သို့ လူနေရပ်ကွက် မြို့ရွာများတွင် မီးလောင်ခြင်းများစွာ ပေါ်ပေါက်လာသည်ကိုလည်း သတိပြုကြရမည်ဖြစ်သည်။ မကြာတော့သောကာလတွင် အေးမြခြောက်သွေ့သော ရာသီဥတုမှ ပူပြင်းခြောက်သွေ့သော ရာသီဥတုသို့ ပြောင်းလဲရောက်ရှိတော့မည် ဖြစ်သည်။ ထိုအချိန်သည် မီးလောင်လွယ်သောကာလဖြစ်၍ လူတို့၏ သတိမေ့လျော့ပေါ့ဆမှုများကြောင့် နေအိမ်တိုက်တာ အဆောက်အအုံများ မီးလောင်ခြင်း မရှိရလေအောင် နှစ်ဆတိုး၍ သတိပြုစောင့်ရှောက်ကြရမည် ဖြစ်သည်။

ဂူအောင်းလူသားဘဝမှ ယဉ်ကျေးမှုအဆင့်ဆင့် တိုးမြင့်လာအောင် လူသားတို့အား မီးက ကျေးဇူးပြုခဲ့ဖူးလေသည်။ အရေးကြီးသော မီးပွားကို သစ်တောများ သဘာဝအလျောက် မီးလောင်သည်ကို စတင်တွေ့ရှိပြီး မီး၌ အပူဓာတ်ရှိပုံ၊ မီး၏ သတ္တိထူးများနှင့် မီးနှင့်သင့်ပြီးသား အသားများ ပိုမိုစားကောင်းပုံတို့ကို ရှေးခေတ် ဂူအောင်းလူသားတို့ ဘဝအတွေ့အကြုံဖြင့် သိရှိသင်ယူနိုင်ခဲ့ကြရာမှ တစ်စတစ်စ ယဉ်ကျေးမှုများ အဆင့်ဆင့် တိုးတက်

ယခုအခါ ပူးပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိနေပြီဖြစ်ရာ ကမ္ဘာကြီးပူနွေးလာမှုကြောင့် မြန်မာ့နွေရာသီမှာ ပိုမိုပူပြင်းလျက်ရှိသည်။ ပူပြင်းခြောက်သွေ့မှုသည် မီးလောင်ခြင်းကို အားပေးသော အခြေအနေတစ်ရပ်ဖြစ်ရာ မီးသုံးစွဲရာတွင် ပေါ့ပေါ့ဆဆမလုပ်ကြဘဲ မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်သော မီးဘေးကြိုတင်ကာကွယ်မှုဆိုင်ရာ အကြံပြုချက်များ၊ လမ်းညွှန်ချက်များကို တစ်သဝေမတိမ်း လိုက်နာရန် လိုအပ်လှပေသည်။

အချုပ်အားဖြင့်ဆိုရသော် မီးကိုပေါ့ပေါ့ဆဆ မသုံးပါနှင့်။ ကလေးနှင့်သက်ကြီးရွယ်အိုများကို ထမင်းဟင်း မချက်ခိုင်းပါနှင့်။ မတော်တဆမီးလောင်လျှင် ကျိတ်မသတ်ပါနှင့်။ အိမ်နီးနားချင်းကို အကူအညီတောင်းခံပါ။ ဖယောင်းတိုင်မီး၊ ခြင်ဆေးခွေမီး၊ အမွှေးတိုင်မီးတို့ကို သတိပြု၍ ငြိမ်းသတ်ပါ။ ဓာတ်ဆီ၊ ရေနံဆီကဲ့သို့သော လောင်စာများကို စနစ်တကျ ထားသိုပါ။ မလိုအပ်ဘဲ မလျှောင်ပါနှင့်။ အိမ်ပြင်ထွက်လျှင် လျှပ်စစ်မီးအားလုံးပိတ်ခဲ့ပါ။ မီးဖိုမီးရှိလျှင် ငြိမ်းသတ်ခဲ့ပါ။ သင့်ကြောင့်မီးမလောင်ပါစေနှင့်ဟု ပြောချင်ပါသည်။ "သောကဝေးအောင် မီးဘေးရှောင် မလောင်ခင်ကတားဆီးကြစို့"ဟု နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။ ။

ပန်းတောင်းသန်းကြွယ်

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် နေပြည်တော်ခရိုင်ဥပဒေရုံး၌ ခရိုင်အတွင်းရှိ ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

✳ **စည်းကမ်းရှိရမည်မှ**

လူသစ်၊ စိတ်သစ်ဖြင့် ကြိုးစားကာ တာဝန်ကျေပွန်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မိန့်ခွန်းနှင့်အညီ သန့်ရှင်းသောအစိုးရ (Clean Government)၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governance) ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် လက်အောက်ခံဥပဒေရုံးများအနေဖြင့် ရုံးဌာနများကောင်းမှ နိုင်ငံကောင်းမည်ဆိုသည်ကို နှလုံးသွင်းပြီး တာဝန်ထမ်းဆောင်ကြရန်ဖြစ်ကြောင်း၊ ဥပဒေအရာရှိများ လုပ်ငန်းဆောင်ရွက်ရာတွင် "စည်းကမ်းရှိရမည်၊ စနစ်ရှိရမည်၊ စေတနာရှိရမည်၊ ရိုးသားရမည်" ဖြစ်ကြောင်း၊ ရပိုင်ခွင့်ထက် တာဝန်ကို ဦးစားပေးရန် မှာကြားလိုကြောင်း စသည်ဖြင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က နေပြည်တော်ခရိုင် ဥပဒေရုံး၌ ခရိုင်အတွင်းရှိ ဥပဒေရုံးများမှ ဥပဒေအရာရှိများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပြည်ထောင်စုရှေ့နေချုပ်သည် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ခရိုင် ဥပဒေရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်ဥပဒေရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်ခရိုင် ဥပဒေရုံး၌ အထက်ပါအတိုင်းလုပ်ငန်းလမ်းညွှန်စကား ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မဟာသင်္ကြန်ကာလအတွင်း ကန်တော်ကြီးပတ်လမ်း တစ်လမ်းမောင်းစနစ် ကျင့်သုံးမည်

ရန်ကုန် ဧပြီ ၉

မဟာသင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ နံနက် ၆ နာရီမှ ညနေ ၆ နာရီအတွင်း ရန်ကုန်မြို့ ကန်တော်ကြီးပတ်လမ်း(ကန်ရိပ်သာလမ်းနှင့်နတ်မောက်လမ်း)အား တစ်လမ်းမောင်းစနစ် ကျင့်သုံးသွားမည်ဖြစ်သည်။

တစ်လမ်းမောင်းစနစ်မှာ ဦးထောင်ဘိုအဝိုင်း တိရစ္ဆာန်ဥယျာဉ်ဘက်မှ ကန်ရိပ်သာလမ်းသို့အဝင် သတ်မှတ်ပြီး ကန်ရိပ်သာလမ်းအတိုင်း လက်ဝဲရစ်မောင်းနှင်၍ ထိုမှ နတ်မောက်လမ်းအတိုင်း ကမ္ဘာအေးစေတီ လမ်းဆုံသို့ အထွက်သတ်မှတ်ထားရှိမည်ဖြစ်သည်။

ကန်ရိပ်သာလမ်းသို့ ချဉ်းကပ်လမ်းများဖြစ်သည့် အထက်ပန်းဆိုးတန်းလမ်း၊ သိမ်ဖြူလမ်း၊ ဦးအောင်မြတ်လမ်းနှင့် နတ်မောက်လမ်းသို့ ချဉ်းကပ်လမ်းများဖြစ်သည့် စက်ရုံလမ်း၊ ကျိုက္ကဆံလမ်း၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်လမ်းသွယ်၊ ဖိုးစိန်လမ်း၊ ဗိုလ်ချိုလမ်းနှင့် ဝက်ပါလမ်းတို့မှလာသည့် မော်တော်ယာဉ်များသည် ကန်တော်ကြီးပတ်လမ်း (ကန်ရိပ်သာလမ်းနှင့် နတ်မောက်လမ်း)သို့ ရောက်သည့်အခါ ညာကွေ့ပြီး လက်ဝဲရစ် သွားရောက်ရမည်ဖြစ်ကြောင်း သက်ဆိုင်ရာက နှိုးဆော်ထားသည်။ (သတင်းစဉ်)



မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘော်ဂါကျေးရွာ လေးလက်မစက်ရေတွင်း ဂါလန် ၃၀၀၀ ဆံ့ ရေကန်၊ ရေစက်ရုံ၊ မြေမြှုပ်မော်တာစက်ရေတွင်း ဖွင့်ပွဲကို အမှုဆောင်အရာရှိ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ကျေးရွာနေ ပြည်သူတစ်ဦးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။

(မြို့နယ်စည်ပင်)

မီးလောင်မှုလျော့နည်းကျဆင်းစေရန်

(က) မီးသုံးစွဲလျှင် အမြဲသတိရှိပြီး လူစောင့်ထားပါ။
(ခ) မီးဖိုအနီးတွင် လောင်စာနှင့်လောင်စာဆီများ မထားပါနှင့်။
(ဂ) မီးဖိုများကို မြေကျင်းတူး၍ စနစ်တကျအသုံးပြုပါ။
(ဃ) ကလေးသူငယ်များကို မီးမဆော့ပါစေနှင့်။
(င) မီးခွက်၊မီးအိမ်၊ ဖယောင်းတိုင်များကို ထရံအနီး၊ ခြင်ထောင်အနီးတွင် မထွန်းပါနှင့်။
(စ) တောမီးလောင်မှုကြောင့် အဆောက်အအုံများကို မီးကူးစက်လောင်ကျွမ်းခြင်း မခံရအောင် ရွာပတ်ဝန်းကျင်တွင် လုံလောက်သော မီးတားလမ်းများ စနစ်တကျပြုလုပ်ထားပါ။
(ဆ) လူနေအိမ်ခြေနှင့်ကပ်လျက် ကောက်ရိုးပုံ၊ ပြောင်းပုံများ စုမထားပါနှင့်။
(ဇ) ဓာတ်ဆီရောနှောထားသော ရေနံဆီများကို မီးမထွန်းပါနှင့်၊ မီးလည်း မမွှေးပါနှင့်။
(ဈ) ကောက်ရိတ်သိမ်းချိန်တွင် လယ်ကွင်းအတွင်း၌ ဆေးလိပ်သောက်ခြင်း၊ မီးကိုအသုံးပြုခြင်းမလုပ်ပါနှင့်။
(ည) အမဲလိုက်၊ ထင်းခွေသူများ ဆေးလိပ်မီးကို အရမ်းပစ်ခြင်း မပြုလုပ်ပါနှင့်။
(ဋ) ဟိုတယ်၊ မိုတယ်၊အင်း၊တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် လုပ်ငန်းများတွင် ထိရောက်သော မီးဘေးကာကွယ်ရေး ပစ္စည်းများကို လုံလောက်စွာထားရှိပါ။
(ဌ) မြို့/ရပ်ကွက်၊ ကျေးရွာများအလိုက်အပေါ့စားမီးသတ်စက်များ၊ မီးသတ်ကန်များ၊ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများကို ကိုယ့်အားကိုယ်ကိုး ဝယ်ယူထားပါ။

မီးသတ်ဦးစီးဌာန။

နေပြည်တော်ကောင်စီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧပြီ ၉

နေပြည်တော်ကောင်စီပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၈ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတ၏ ၃၀-၃-၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မိန့်ခွန်း၊ ၃၁-၃-၂၀၁၁ ရက်နေ့ သမ္မတအိမ်တော်၌ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ အကြီးအကဲများ၊ ပြည်ထောင်စုအစိုးရဝင်များအား မြွက်ကြားသည့် မိန့်ခွန်း၊ ၆-၄-၂၀၁၁ ရက်နေ့ သမ္မတအိမ်တော်၌ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများအား ပြောကြားချက်များနှင့် စပ်လျဉ်း၍ ဌာနဆိုင်ရာအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းများကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ နေပြည်တော်အတွင်း ယာဉ်မောင်းသူများလိုက်နာရန်၊

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
(၃) မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက်ဖြုတ် မမောင်းရ။
(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များတပ်ဆင်ခြင်း လုံးဝမပြုရ။
(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။
(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီုတက်) မပါဘဲ မမောင်းရ။
(၈) ဖျက်သိမ်းထားသောယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။
(၁၀) မော်တော်ဆိုင်ကယ်မဝင်ရ သတ်မှတ်ထားသော နယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မှ စီးနင်းခြင်း လုံးဝမပြုရ။
(၁၁) မော်တော်ဆိုင်ကယ်စီးနင်းလျှင် ဦးထုပ်ဆောင်းရမည်၊ မေးသိုင်းကြိုးတပ်ရမည်၊ နှစ်ဦးထက်ပို၍ စီးနင်းခြင်းမပြုရ၊ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရ၊ ဟွန်းသံစုံတပ်ဆင်ခြင်းမပြုရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများအား ဓာတ်ပုံမှတ်တမ်းရိုက်ကူးပြီး ထိရောက်စွာအရေးယူ ဆောင်ရွက်သွားပါမည်။

(င) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း မြို့နယ်များနှင့် အင်းတကော်စက်မှုဇုန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဧပြီ ၅ ရက် နံနက် ၇ နာရီခွဲတွင် ညောင်လေးပင်မြို့ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟန်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် အုတ်တွင်းမြို့သို့ ရောက်ရှိပြီး အုတ်တွင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်ချက်များကို မှာကြားသည်။

ဧပြီ ၈ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးမြို့နယ် အင်းတကော်စက်မှုဇုန်သို့ ရောက်ရှိပြီး အင်းတကော်စက်မှုဇုန်နယ်မြေမှူးကြီး ဦးခင်မောင်ဝင်းက စက်မှုဇုန်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ် ဦးညဏ်ဝင်းက ကုန်ပစ္စည်းအမယ်သစ်များ တိုးတက်ထုတ်လုပ်ရေး၊ ထုတ်ကုန်ဈေးကွက်ချဲ့ထွင်ရေး၊ လယ်ယာသုံးစက်ကိရိယာများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံလိုသည့် လုပ်ငန်းရှင်အသစ်များ တိုးချဲ့ဖိတ်ခေါ်ရေး၊ စက်ရုံလုပ်သားများ ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုမှာကြားပြီး အလူမီနီယံကြိုး ထုတ်လုပ်သည့်စက်ရုံ၊ ဘောဘယ်ယာရင် အလုပ်ရုံ၊ ကားဘီးခွေ အလုပ်ရုံ၊ ရေဒီယေတာ အလုပ်ရုံနှင့် လယ်ထွန်စက် အင်ဂျင်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း ပဲခူးမြို့နယ် အင်းတကော်စက်မှုဇုန်၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံ၌ ကျင်းပ

မော်လိုက် ဧပြီ ၉

၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၃၁ ရက် နံနက် ၁၀ နာရီက မော်လိုက်ခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကျင်းပရာ မော်လိုက်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အဖွင့်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို မော်လိုက်ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဦးကျော်က ဖတ်ကြားပြီး တီဘီရောဂါသည်များအား ပျောက်ကင်းသည်အထိ အခမဲ့ကုသပေးမည်ဖြစ်ကြောင်း ဒေါက်တာအောင်အောင်က ပညာပေးဟောပြောသည်။ (ခရိုင်ပြန်/ဆက်)

ပုသိမ်အသင်း(ရန်ကုန်) အမှုဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် နှစ် (၉၀) ပြည့် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၇ ရက် နံနက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရောဝတီတိုင်းဒေသကြီး ဓမ္မာရုံ၌ ကျင်းပစဉ်။ (ကြေးမုံ)

နည်းပညာတက္ကသိုလ်(တောင်ငူ)စုပေါင်းသွေးလှူဒါန်း

တောင်ငူ ဧပြီ ၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(တောင်ငူ) ၏ ဒုတိယအကြိမ်စုပေါင်းသွေးလှူဒါန်းပွဲကို မတ် ၂၉ ရက် နံနက်ပိုင်းက တောင်ငူမြို့ တိုင်းဒေသကြီး အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ငူမြို့ တိုင်းဒေသကြီးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက သွေးလှူရှင် ကျောင်းသား၊ ကျောင်းသူများအား စနစ်တကျစမ်းသပ်စစ်ဆေး၍ သွေးများဖောက်ကာ လက်ခံယူကြရာ နည်းပညာတက္ကသိုလ်(တောင်ငူ) ပါမောက္ခချုပ် (တာဝန်) ဒေါက်တာကြည်သွင်နှင့် ဆရာ၊ ဆရာမများ၊ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ကူညီဖြည့်ဆည်းပေးကြကြောင်းသိရသည်။ (၁၂၉)

အထက(၄) သာကေတ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဧပြီ ၉

အထက(၄) သာကေတ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို မေ ၁ ရက်တွင် အဆိုပါကျောင်းရှိ သံလွင်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ၁၉၈၀ မှ ၂၀၁၁ ခုနှစ်ထိ အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ဦးဝေဠုကျော် ဖုန်း-၀၉-၅၀၅၁၈၂၂၊ ဦးစန်းမောင် (ဆောင်းလပြည့်စာပေ) ဖုန်း-၅၄၇၄၅၉၊ ဒေါ်လှိုင်လှိုင်ဝင်း ဖုန်း-၇၀၅၅၇၀၊ ဒေါ်ခင်ခင်ပြုံး ဖုန်း-၀၉-၇၃၀၀၇၅၀၊ ဒေါ်ထွေးထွေးရီ ဖုန်း-၀၉-၇၃၀၀၅၅၃၉၊ ဒေါက်တာချယ်ရီဝင်းမောင် ဖုန်း-၀၉-၇၃၀၇၇၉၁၀နှင့် ဦးကျော်မြင့်(ဂန္ဓမာစာသင်ဝိုင်း) ဖုန်း-၇၀၅၃၀၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

NIBBAN ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

ISO 9001: 2008 လက်မှတ်ရရှိပြီး ၃၉ နှစ်တိုင်တိုင် မြန်မာပြည်သူများ၏ ယုံကြည်အားပေးမှုကို အပြည့်အဝရရှိနေသော NIBBAN ELECTRIC & ELECTRONICS ၏ ကုန်ပစ္စည်းသစ်များ မိတ်ဆက်ပွဲနှင့် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၅ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် NIBBAN ELECTRIC & ELECTRONICS မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာအောင်သိန်းက NIBBAN ၏ ထုတ်ကုန်သစ်များဖြစ်သော Air con, Air Cooler, ရေခဲသေတ္တာ၊ Chest Freezer, Colour TV, Speaker (with USB & SD

Card Reader) များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ၂၀၁၀ခုနှစ်အတွက် ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များအား ဂုဏ်ပြုဆုများကို ပေးအပ်သည်။**(အပေါ်ပုံ)**

NIBBAN အမှတ်တံဆိပ် အီလက်ထရွန်းနစ်ပစ္စည်းများကို အဆင့်မြင့်ဂျပန်နည်းပညာဖြင့် ထုတ်လုပ်ထားပြီး Speaker များကို နှစ်နှစ်အာမခံ၊ Air con, Air Cooler, Chest Freezer နှင့် ရေခဲသေတ္တာများကို သုံးနှစ်အာမခံပေးကာ ပင်ရင်း SHOWROOM & SERVICES CENTRE များမှ အပြည့်အဝ အာမခံချက်အတိုင်း တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ပေါင်မြို့ မြို့သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လယ်/ဆည် ဝန်ကြီး ဦးမြင့်လှိုင်အား ဗီယက်နမ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၉

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Chu Cong Phung သည် ဧပြီ ၇ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းတိုးမြှင့် ဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Chu Cong Phung လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ထွန်းဦး ဝန်ထမ်းများအား တွေ့ဆုံ

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ထွန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး စာသင်ဆောင်များနှင့် ကွန်ပျူတာခန်းများကို ကြည့်ရှုစစ်ဆေး၍ ပတ္တမြားခန်းမ၌ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ခရိုင်ပညာရေးမှူး၊မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်များ၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ထွန်းဦး သန်လျင်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း ကွန်ပျူတာခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

(ခရိုင်ပြန်/ဆက်)

Bachelor of Business Administration သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၉

Myanmar Professional Development Centre (MPDC) က ကြီးမှူး၍ ရန်ကုန်မြို့၌ ထိုင်းနိုင်ငံ Assumption University(ABAC)၏ Bachelor of Business Administration Programs များကို ဇွန်လမှ စတင်၍ ဖွင့်လှစ်သင်ကြားပေးတော့မည်ဖြစ်သည်။ Bachelor of Business Administration Programs တွင် Marketing, Management, Finance and Banking Accounting, Business Information Systems, Hospitality and Tourism Management, International Business Management, Information Technology Management(ICT) စသည်ဖြင့် အထူးပြုဘာသာရပ်များကို ရွေးချယ်သင်ကြားနိုင်မည်ဖြစ်သည်။

Bachelor of Business Administration Programs များကို နိုင်ငံတော်မှ ဖွင့်လှစ်ထားသော တက္ကသိုလ်များမှ ဒုတိယနှစ်အောင်မြင်ပြီးသူတိုင်း Bachelor of Business Administration Programs တွင် တတိယနှစ်နှင့် စတုတ္ထနှစ်များကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက ထိုင်းနိုင်ငံ၏ Assumption University(ABAC) က ချီးမြှင့်မည့် Bachelor ဘွဲ့ကို ရရှိမည်ဖြစ်ပြီး ဘွဲ့ကို ထိုင်းနိုင်ငံရှိ Assumption University(ABAC) တွင် ကျောင်းသားများ ကိုယ်တိုင်တက်ရောက်ယူရမည် ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို Assumption University ၏ Offshore Office ဖြစ်သော Myanmar Professional Development Centre (MPDC), Building (4), Room(1),Myanmar Info-Tech, Universities Hlaing Campus, Hlaing Township, Yangon. Phone: 507043, 507047 တွင် ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက်နေ ကွယ်လွန်သူ ဘိုးဘွားနှင့် မိဘနှစ်ပါးဖြစ်သော ဦးကြီးစိန်-ဒေါ်စန်းတို့အား ရည်စူး၍ ဦးစိန်ဝင်း-ဒေါ်တင်မာနွယ်၊ သမီး မသက်ပြည့်စုံဦးနှင့် ကျန်သားသမီး မိသားစုတို့က ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၀-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	ခါသကြွန်အဆိုအကများ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၀၄	၃။	နိုင်ငံတော်သီချင်း
၁၁း၀၅	၄။	အဖွင့်သီချင်း
၁၁း၁၀	၅။	မျိုးချစ်တပ်မတော်
၁၁း၂၀	၆။	**ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၄၆)**
၁၁း၄၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မိသွားတဲ့အခါ**
၁၂း၃၀	၈။	ကျန်းမာသုတ
၁၂း၄၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေး ပြယ်ပါစေ (အပိုင်း-၅၇)**
၁း၄၅	၁၀။	အပိတ်နှုတ်ဆက်စကား
၁း၄၅	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၇။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄း၄၀	၈။	မြန်မာ့ရှုခင်း
၄း၅၀	၉။	အားလုံးရဲ့တာဝန်
၅း၁၅	၁၀။	ခါသကြွန်အဆိုအကများ
၅း၃၀	၁၁။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ဘဝကြေးမုံ -ဆိုခဲ့ဖူးသောသစ္စာ (လူမင်း၊ ပပဝင်းခင်) [ဒါရိုက်တာ-ဆဲဗင်း(IC)]
၆း၅၀	၁၅။	ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	၁၆။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၂၇)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	ပဟေဠိနန်းတော်
	၂၂။	ကျန်းမာသုတ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၂)**
	၂၅။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၄၄)**
	၂၆။	သင့်အတွက်မနက်ဖြန်
	၂၇။	အပိတ်နှုတ်ဆက်စကား
	၂၈။	ပြီးပါပြီ။

သတိ

၁။ လေပေါင်(၁၀၀)မှ (၁၅၀)အထိ အတင်အချပြုလုပ်၍ရသည့် ကွန်ပရက်ဆာပန့်များဖြင့် ရေပက်ကစားခြင်းကြောင့် ရေစူးအား ပြင်းလွန်း၍ ရေပက်ခံသူတွင် အသားရေများ ပွန်းပဲ့စုတ်ထွက်နိုင်ခြင်း၊ မျက်လုံးနှင့် နားများအား ထိုးမိပါက မျက်လုံးနှင့်နားကန်းနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်စေနိုင်ပါသဖြင့် ရေကစားမဏ္ဍပ်များ၊ ရေပက်ခံကားများတွင် ကွန်ပရက်ဆာပန့်များအသုံးပြု၍ ရေပက်ခြင်း မပြုရန် တားမြစ်သည်။

၂။ သင်္ကြန်ရေပက်ကစားခြင်းအား သင်္ကြန်ရက်များအတွင်း နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၆ နာရီအတွင်းသာ ရေပက်ကစားရန်နှင့် ညနေ ၆ နာရီ နောက်ပိုင်း ရေပက်ကစားခြင်းမပြုရန် တားမြစ်သည်။

၃။ တားမြစ်ချက်ဖောက်ဖျက်ပါက တည်ဆဲဥပဒေအရ အရေးယူခံရမည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာန ကျိုင်းတုံမူလတန်းကြိုကျောင်း၏ ဧပြီ ၃ ရက်က မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပသော ပထမအကြိမ် မူလတန်းကြိုကျောင်း ပြီးဆုံးကြောင်း လက်မှတ်ချီးမြှင့်ပွဲနှင့် ပဒေသာကပွဲတွင် အကြီးတန်းမှ သမီးငယ်လေးများက "တို့ယိမ်းသမ"သင်္ကြန်ယိမ်းဖြင့် ကပြဖျော်ဖြေစဉ်။ (ကြေးမုံ)

ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စံချိန်မီရပ်ကွက်ရေပိုက်သွယ်တန်း၍ ရေစမ်းသပ်ပေးဝေမှုကို မတ် ၄ ရက်က ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်နှင့် အမှုဆောင်အရာရှိ ဦးကြည်စောတို့ စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

✻ နိုင်ငံတော်၏မှ

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးရုံး သီရိရတနာခန်းမ၌ တွေ့ဆုံသည်။

သတ္တုတွင်းဝန်ကြီးဌာန၏ ရရှိပြီးဖြစ်သော အခြေခံကောင်းများ၊ လုပ်ငန်းစွမ်းဆောင်ရည်များကို ဆက်လက်တိုးတက်အောင်ဆောင်ရွက်ရန်၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ပိုမိုတိုးတက်အောင် ပါဝင်ဆောင်ရွက်ရာတွင် ပေးအပ်သည့် တာဝန်များကို ပင်ကိုအသိနှင့် ယှဉ်၍ အောင်မြင်အောင် ဆောင်ရွက်ရန်၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဝန်ကြီးဌာနနှင့်သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများမှ သတ်မှတ်ထားသည့် အခွန်အခများ အပြည့်အဝရရှိရေး၊ အဆင့်မြင့်နည်းပညာများ အသုံးပြုရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ သတ္တုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်များ မထိခိုက်စေရန် စသည်ဖြင့် တွေ့ဆုံပွဲတွင် ဝန်ကြီးက မှာကြားခဲ့သည်။ (သတင်းစဉ်)

သုနန္ဒာ(၉)လမ်း သုမင်္ဂလာလုံးချင်းအိမ်ရာ သဃ်န်းကျွန်းမြို့နယ်နေ ဗိုလ်မှူးမောင်မောင်မြင့်(ငြိမ်း)-သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ထွေးကြည် (စာရေးဆရာမ-ခင်လေးမွန်)၊ မြေး ဦးလေး မောင်ရှင်းသန့်ကိုကို မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဝန်ကြီး ဦးအောင်မင်း နေပြည်တော်ဘူတာကြီး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးသန့်ရှင်းတို့နှင့်အတူ နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိပြီး ဘူတာကြီးနှင့်ဘူတာယာဒ်ဝင်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး၍ သင်္ကြန်အထူးရထား ပြေးဆွဲမှုအခြေအနေနှင့် သင်္ကြန်မတိုင်မီ မိမိနေရပ်ဒေသသို့ ပြန်လည်သွားရောက်ကြမည့် ခရီးသွားပြည်သူများ ရထားလက်မှတ်အလွယ်တကူဝယ်ယူရရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ခရီးသွားပြည်သူများအား တွေ့ဆုံမေးမြန်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း နေပြည်တော် ဘူတာကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လေယာဉ်မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး သင်တန်းနှင့် ရုံးလုပ်ငန်း သင်တန်းဆင်း

ရန်ကုန် ဧပြီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၌ လေယာဉ်မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်ဆယ်ရေး သင်တန်း အမှတ်စဉ်(၅/၂၀၁၁)နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၄/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) ကျန်စစ်သားခန်းမ၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက သင်တန်းဆင်း အမှာစကားပြောကြားသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြအေး မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြအေးသည် ဧပြီ ၈ ရက်တွင် မုံရွာတက္ကသိုလ်နှင့် မုံရွာစီးပွားရေးတက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ စီမံအရာရှိများနှင့် တွေ့ဆုံခဲ့သည်။

မုံရွာတက္ကသိုလ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာစစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးစဉ် ဝန်ကြီးက အဖြေလွှာစာအုပ်များ လုံခြုံမှုရှိရေး၊ အဖြေလွှာများကို ရိုးရိုးသားသား၊ မှန်မှန်ကန်ကန်စစ်ဆေးရေးတို့နှင့် စပ်လျဉ်း၍ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၇ ရက်က ဖျာပုံမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

(မြို့နယ်ပြန်/ဆက်)

K Future Co., Ltd. ကုမ္ပဏီသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

K Future Co., Ltd. ကုမ္ပဏီသစ်ဖွင့်ပွဲကို မတ် ၂၈ ရက် နံနက် ၈ နာရီတွင် တိုက်အမှတ်(၁၇) အခန်းအမှတ်(၃) စံပယ်လမ်း တာမွေမြို့နယ် (ယုဇနပလာဇာအနီး) ရန်ကုန်မြို့၌ ကျင်းပသည်။

K Future Co., Ltd. သည် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် မရှိမဖြစ်လိုအပ်သော အိမ်သုံးဆေးဝါးများနှင့် သွေးကြောသွင်းဆေးရည် ငါးမျိုးကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရယူဖြန့်ဖြူးလျက်ရှိပြီး ဖြန့်ဖြူးသည့် ဆေးဝါးများမှာ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ (ရန်ကုန်)နှင့် အင်ရောင်း(ကျောက်ဆည်)တို့မှ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သော ဆေးဝါးများဖြစ်သည်။ သွေးကြောသွင်း ဆေးရည်များထုတ်လုပ်နိုင်မှုစွမ်းအားအရ သွင်းကုန်အစားထိုးအဖြစ် ကျန်းမာရေးလိုအပ်ချက်ကို ဖြည့်ဆည်းပေးသည်။ သွေးကြောသွင်းဆေးရည် အရည်အသွေးတွင်လည်း Dextrose, Dextrose and Sodium Chloride, Sodium Chloride နှင့် Compound Sodium Lactate ပါဝင်မှု ရာခိုင်နှုန်းအချိုးအစားများမှာ ပြည်ပမှ သွင်းကုန်သွေးကြောသွင်း ဆေးရည်များထက် ပိုမိုပြီး အရည်အသွေး သာလွန်တိကျကောင်းမွန်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် အင်္ဂလန်နိုင်ငံမှ ထုတ်လုပ်သော Keeler အမှတ်တံဆိပ် မျက်စိစမ်းသပ်သော စက်ပစ္စည်းများကိုလည်းကောင်း၊ မီးသတ်နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများကို လည်းကောင်း တင်သွင်းရောင်းချခြင်း၊ ဆန်၊ ဆီနှင့် အထွေထွေ လူသုံးကုန်ပစ္စည်းများ ရောင်းဝယ်ဖြန့်ဖြူးခြင်းနှင့် ပြပွဲများစီစဉ်ကျင်းပခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

K Future Co., Ltd. ကုမ္ပဏီနှင့် ဆက်သွယ်ရန်မှာ တိုက်အမှတ် (၁၇) အခန်း (၃) စံပယ်လမ်း တာမွေမြို့နယ် (ယုဇနပလာဇာအနီး) ရန်ကုန်မြို့ ဖုန်း-၀၉-၇၃၀၉၆၆၆၆ နှင့် ၀၉-၇၃၀၉၆၅၅၅ E-mail:kfuture2010@gmail.com တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ပြန်/ဆက် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၉

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်ခရိုင်နှင့် သာယာဝတီခရိုင် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်မြို့ရှိ ခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြင့်က ဦးစီးဌာန၏ နှစ်(၂၀)မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၏ မှာကြားချက်များနှင့် ဦးစီးဌာနက ဆောင်ရွက်ရမည့် ၂၀၁၁-၂၀၁၂ ခုနှစ် လုပ်ငန်းတာဝန် (၁၃)ရပ်ကို အသေးစိတ် ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

ယင်းနောက် ပြည်ခရိုင်ဦးစီးအရာရှိက သာယာဝတီခရိုင် ဝန်ထမ်းများအတွက် ရုံးချုပ်မှ ထောက်ပံ့ငွေ၊ စာအုပ်စာစောင်အများဆုံး အလှူခံရရှိသည့် မင်းလှမြို့နယ်အတွက် ဒိုင်းဆုနှင့် ဒို့ကျေးရွာဂျာနယ်ဆုရ ဆောင်းပါးအတွက် ဆုငွေတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာ သာစုကန်ပရိယတ္တိစာသင်တိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းလှူဒါန်းပွဲကို ဧပြီ ၁၀ ရက်မှ ၁၇ ရက်အထိကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုသူများနှင့် လှူဒါန်းလိုသူများသည် ဦးစိုးမြင့် ဖုန်း-၆၄၄၇၄၅၊ ဦးဟံငြိမ်း ဖုန်း-၂၀၂၈၀၂၊ ဦးဝင်းကြည် ဖုန်း-၀၉-၄၃၀၁၉၃၅၂၊ ဦးအုန်းလွင် ဖုန်း-၅၀၂၅၅၆၊ ဦးခင်ထွန်း ဖုန်း-၀၉-၇၃၀၀၁၅၅၂နှင့် ဦးမျိုးဝင်း ဖုန်း-၆၄၁၄၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဉ္စာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	“ပဗ္ဗဇ္ဇဒေသနာ”တရားတော် (သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ)
၆း၄၀	ကလောမှာထင်ရှား “ရွှေဥမင်ဘုရား”
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၆၉)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၇)**
၈း၄၅	April Music Show (Part-8)
၉း၂၅	ခါသင်္ကြန်အဆိုအကများ
၉း၄၀	Sunday Talk [ဦးရဲမြင့် (Solar Hut)၊ မျိုးမြတ်သူ]
၁၀း၂၀	မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၈) (ဘက်ပေါင်းစုံမှ ပြုစုကုသ စောင့်ရှောက်ခြင်း)
၁၀း၄၀	ဗီဒီယိုပြခန်း
၁၁း၀၀	La Mode ရဲ့သင်္ကြန်ဖက်ရှင်
၁၁း၂၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ ညွှန့်ညွှန့်စိန်)
၁၁း၄၅	မြန်မာတို့ရဲ့အတာသင်္ကြန်
၁၂း၀၅	Activities In The City [တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်(ရေဆင်း) ၁၉၈၃-၈၇ ၏ မြတ်ဆရာပူဇော်ပွဲ]
၁၂း၁၅	ဆံသားကျန်းမာရေးကို သဘာဝကျကျထိန်းသိမ်းတတ်စေဖို့
၁၂း၃၀	ရန်ကုန်မြင်ကွင်းကျယ် (2011 Thingyan Style Show အခမ်းအနား)
၁၂း၄၅	ခါသင်္ကြန်အဆိုအကများ
၁း၀၀	“ပဗ္ဗဇ္ဇဒေသနာ”တရားတော် (သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (ထူးခြားတာကောင်းတယ်၊ မထူးခြားတာကောင်းတယ်)
၃း၂၀	ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ချီးကျူးဂုဏ်ပြုပွဲ (ရခိုင်ပြည်နယ်ဓမ္မာရုံ)
၃း၃၅	ခါသင်္ကြန်အဆိုအကများ
၃း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၇)**
၄း၄၅	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ (အပိုင်း-၆)
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဆီဖြစ်လာမည့်နှမ်းလုံးများ
၆း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၇၀)**
၇း၂၀	April Music Show(Part-9)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဇော်ဝမ်းသင်္ကြန်
၈း၄၀	Kid's Show
၉း၀၅	သွားမယ်စားမယ် (အဝစားဟော့ပေါ့နှင့် အသားကင်)
၉း၃၀	Barclays Premier League (Aston Villa Vs Newcastle)
၁၁း၃၀	ဟိုတယ်လမ်းညွှန် (ZweKaBin Hotel)
၁၁း၅၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၂၈)**
၁၂း၄၀	သီးနှံစိုက်ပျိုးအထွက်တိုး “စားသုံးဆီဖူလုံဖို့ နေကြာအထွက်တိုး အောင်စိုက်ကြစို့”
၁၂း၅၀	Box Office Movies (Harry Potter)
၁း၁၀	Colorful System of River
၂း၀၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမေမြတ်ဝါဆိုနှင့် တွေ့ဆုံခြင်း)
၂း၂၅	စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
၂း၅၀	လှပချစ်စရာ လက်မှုအနုပညာ ပန်းခြောက်ပို့စကတ်ပြုလုပ်နည်း)
၃း၀၅	အလှဆင်စရာပရိဘောဂကမ္ဘာ (ပစ်တိုင်းထောင်ပရိဘောဂ)
၃း၁၅	ရင်နှစ်ပန်းတို့လန်းစေချင်
၃း၃၀	စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
၃း၅၅	ပညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏တစ်သက်စာ ဝိပဿနာ
၄း၂၅	စကားဝါမြေမှ မေတ္တာရှင် ဇီဝိတဒါနဆေးရုံ
၄း၄၅	အံ့ဖွယ်တန်ခိုးတော်အဖြာဖြာ ကျောင်းတော်ရာ
၄း၅၅	ဖူးရောက်စေချင်သည် ဗန္ဓိသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၆း၅၅	Blackpool	-	Arsenal	ESPN (Live)
၉း၂၅	Aston Villa	-	Newcastle	ESPN (Live)

* **ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

တောင်ပိုင်းဒေသများ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၉

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်နှင့် မကွေးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ် တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်။ ။စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ လှိုင်းအနည်းငယ်မှအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ကျိုက်မရောမြို့မဈေး မီးဘေးကာကွယ်ရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၉

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးမီးဘေးကာကွယ်ရေးအတွက် ဧပြီ ၇ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးမျိုးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြပ်မတ်ဆောင်ရွက်ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

မီး ဘေးရှောင် မလောင်ခင် တား

ကေဗွီ ၂၃၀ လျှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း (လျှိုင်မြစ်ကျော်)တာဝါတိုင်တည်ဆောက်ရေးစီမံကိန်း ဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၉

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ ကေဗွီ၂၃၀ လျှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း (လျှိုင်မြစ်ကျော်) တာဝါတိုင်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ရောက်ရှိရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးလှမြင့်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ်(၁) ဦးညိုဝင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးငွေဦးနှင့် အလုံဓာတ်အားပေးစက်ရုံမှူး ဒုတိယအင်ဂျင်နီယာချုပ် ဒေါ်အိအိခင်တို့က သက်ဆိုင်ရာအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်စိုး ကေဗွီ ၂၃၀ လျှိုင်သာယာ-အလုံ မဟာဓာတ်အားလိုင်း(လျှိုင်မြစ်ကျော်) တာဝါတိုင်တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ညောင်တုန်းမြို့နယ် နွေစပါးစိုက်ခင်း၌ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် စပါးရိတ်သိမ်းခြွေလှေ့ပွဲ တက်ရောက်အားပေး

ရန်ကုန် မေ ၉

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၈ ရက် နံနက်ပိုင်းတွင် မအူပင်ခရိုင် ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာအုပ်စုရှိ နွေစပါးစိုက်ခင်း၌ ကျင်းပသည့် စပါးရိတ်သိမ်းခြွေလှေ့ပွဲသို့တက်ရောက်ပြီး ညောင်တုန်းမြို့နယ် စပါးအထူးပြုကုမ္ပဏီဖြစ်သော စုပေါင်းလယ်ယာထွက်ကုန်ပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ လယ်ယာသုံးစက်ကိရိယာပစ္စည်းများ ရောင်းချပွဲကို ကြည့်ရှုအားပေးကာ သဇင်ရေကျော်ကျေးရွာအုပ်စု ကွင်းအမှတ် (၃၇၀/ဂ) ဦးအေးသောင်း၏ ဆင်းသုခစပါးမျိုး နွေစပါးဧက ၁၀၀ စိုက်ခင်း၌ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းနေမှုကိုလည်းကောင်း၊ ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း၌ ယာဉ်ကျော်တက်၍ ယာဉ်တိုက်မှုဖြစ်ပွား

နေပြည်တော် မေ ၉

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မြို့နယ်လျှပ်စစ်ရုံးအနီး ရန်ကုန်-မန္တလေး ကားလမ်းပေါ်တွင် မေ ၉ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်တွင် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းဝင်းနိုင်ထွန်း မောင်းနှင်လာသော မှန်လုံခရီးသည်တင်ယာဉ်သည် ရှေ့ယာဉ်အားကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်မှ ယာဉ်မောင်းအောင်မင်းထွန်း မောင်းနှင်လာသည့် ဒိုင်နာခရီးသည်တင်ယာဉ်အား တိုက်မိ၍ **(အောက်ပုံ)** ဒိုင်နာခရီးသည်တင်ယာဉ်ပေါ်ပါ ခရီးသည် တပ်ကုန်းမြို့နယ် ညောင်လွန့် အရှေ့ရွာမှ ကျော်မင်းဦး (ခ)ဝဲလေး (၂၂)နှစ် (ဘ)ဦးမင်းဇော်သည် နေရာ၌ပင်သေဆုံးပြီး အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ကိုးဦး ဒဏ်ရာရရှိသဖြင့် တပ်ကုန်းမြို့နယ် ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းဝင်းနိုင်ထွန်းအား တပ်ကုန်းရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်းနှင့် ယာဉ်မောင်းသူများအနေဖြင့် ယာဉ်ကျော်တက်မောင်းနှင်ရာတွင် ရှေ့နောက်ယာဉ်ကြော ရှင်း၊ မရှင်း သေချာစွာကြည့်ရှုပြီးမှ ကျော်တက်မောင်းနှင်သင့်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ (ဝ၉၂)

ပုသိမ်မြို့၌ ယာဉ်ကြောလုမောင်း ဆိုင်ကယ်သုံးစီး တစ်ပြိုင်တည်းတိုက်

ပုသိမ် မေ ၉

မတ် ၅ ရက် ညနေ ၅ နာရီခွဲခန့်က ပုသိမ်မြို့ အမှတ် (၃)နယ်မြေ ရှင်ပင်ဘုန်းပွင့်လမ်း မြောင်းမြစာသင်တိုက်ရှေ့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် နေထိုင်သော မောင်စိုးပိုင်သည် ပသ/၂၄၉၃၁ ကင်ဘိုဆိုင်ကယ်ကို မြောက်ဘက်မှ တောင်ဘက်သို့ မောင်းနှင်လာရာ ယာဘက်လမ်းကြောချိုင့်ခွက်ကို ရှောင်တိမ်းလိုက်စဉ် ဝဲဘက်ယာဉ်ကြောသို့ ရောက်ရှိသွားသဖြင့် မျက်နှာချင်းဆိုင်မောင်းနှင်လာသော ပြည်တော်သာအိမ်ရာစခန်းနေ ကိုကျော်စိုးလှ၏ဆိုင်ကယ်ကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသွားသဖြင့် နောက်မှလိုက်ပါလာသော ဆိုင်ကယ်နှစ်စီးကိုပါ ဆက်လက်တိုက်မိသွားသည်။

အဆိုပါယာဉ်တိုက်မှုကြောင့် ပသ/၂၄၉၃၁ ဆိုင်ကယ်မောင်းသူ မောင်စိုးပိုင်နှင့် ၁၉ယ/၇၅၆၉၃ ဆိုင်ကယ်မောင်းသူ ကိုကျော်စိုးလှတို့နှစ်ဦးမှာ စိုးရိမ်ဖွယ်ရာဒဏ်ရာများ ရရှိသွားကြပြီး ဆိုင်ကယ်နှစ်စီးလုံးလည်း ပျက်စီးသွားသည်။ အခြားဆိုင်ကယ်နှစ်စီးမှာ ပွန်းပဲ့ဒဏ်ရာမျှသာရရှိသွားကြောင်း သိရှိရသည်။

ပုသိမ်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် တည်ဆဲဥပဒေအရ အရေးယူအပြစ်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသော်လည်း မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ လျော့နည်းမှုမရှိသေးကြောင်း ဒေသခံများက ပြောဆိုနေကြောင်း သိရှိရသည်။ (၅၅၂)

နိုင်ငံတကာအသိအမှတ်ပြု ABE(U.K) Diploma လက်မှတ်ရ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၉

EVER Up Human Resources Institute သင်တန်းကျောင်းက ကြီးမှူးဖွင့်လှစ်သော အင်္ဂလန်နိုင်ငံအခြေစိုက် The Association of Business Executive(ABE)မှ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရ ဒီပလိုမာသင်တန်းများကို မေလမှစတင်၍ ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် Diploma, Higher Diploma & Graduate Diploma အဆင့်သုံးဆင့် သတ်မှတ်သင်ကြားပေးသွားမည့်အပြင် လုပ်သက် (၁၅)နှစ်ကျော်အတွေ့အကြုံရှိသည့် Australia, USA, UK, Japan, India တို့မှ ဆရာ၊ ဆရာမများနှင့် ABE အတွေ့အကြုံရှိ ဆရာများက သင်ထောက်ကူပစ္စည်းအစုံအလင်ဖြင့် ပံ့ပိုးကူညီသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ် မေးမြန်းလိုပါက EVER Up Human Resources Institute အခန်းအမှတ် (၄၀၂) MGW Tower ဗိုလ်အောင်ကျော်လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၆၅၂၃ နှင့် ၀၉-၇၃၁၇၅၁၃၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။
(သတင်းစဉ်)

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် နတ်မှော်ကျေးရွာ မြေသားရေလှောင်ကန် တူးဖော်မှုအခြေအနေကို မြို့နယ်အမှုဆောင်အရာရှိ ဦးကိုကိုနိုင် စစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ခေတ်စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။
(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။
(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။
(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆိုမှု၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

အင်းပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် လမ်းမတော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရေခဲထုပ်၊ ရေပူဖောင်း၊ ဆပ်ပြာရည်ဂက်စ်ဘူးဖြင့် ကစားက

၁။ လက်ဝယ်တွေ့ရှိသူ - ထောင်(၁)နှစ်
၂။ ကစားသူ - ထောင်(၃)နှစ်
၃။ ထုတ်လုပ်ရောင်းချသူ - ထောင်(၅)နှစ်နှင့် ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

❒ **ကျောဖုံးမှ**

ရန်ကုန်ယူနိုက်တက်အသင်းမှာ ပွဲစကတည်းက ဂိုးရရှိရန် ကြိုးစားခဲ့ပြီး ၂၆ မိနစ်တွင် ချာလက်စ်အိုဘီက အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။ ဂိုးရရှိပြီးနောက် ရန်ကုန်အသင်းမှာ ဆက်တိုက်ဖိကစားသွားပြီး တိုက်စစ်မှူး ဂျူဗီနယ်က ၃၅ မိနစ်၊ ၃၈ မိနစ်နှင့် ၄၈ မိနစ်တို့တွင် တစ်ဦးတည်း သုံးဂိုး (ဟက်ထရစ်) သွင်းယူခဲ့သည်။ မကွေးအသင်းမှာ တိုက်စစ်တွင် အဘိုလာဂျီမပါနိုင်၍ အားပျော့ခဲ့ရပြီး ဒုတိယပိုင်းတွင် စိုးမင်းနိုင်နှင့် စည်သူဝင်းတို့ ဝင်လာမှ တိုက်စစ်အားပိုကောင်းလာခဲ့သည်။ ချေပဂိုး ကို ၆၃ မိနစ်တွင် စိုးမင်း နိုင်က သွင်းယူခဲ့သည်။

(မုံရွာကွင်း)

ဇေယျာရွှေမြေ - နှစ်ဂိုး
(ဇော်လင်းထွန်း-၂ နှင့်ကျော်ကိုကို)

ဥဿာယူနိုက်တက် - တစ်ဂိုး
(မြင့်နိုင်)

အမှတ်ပေးဇယား ထိပ်ဆုံးနှစ်သင်း တွေ့ဆုံသောပွဲဖြစ်၍ ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ ဇေယျာရွှေမြေ အသင်းမှာ ထိပ်ဆုံးနေရာသို့ ရောက်ရှိရန် အိမ်ကွင်း၌ ကြိုးစားကစားခဲ့ပြီး နိုင်ပွဲဆက်ခဲ့ခြင်း ဖြစ်သည်။

နောက်ခံလူ ဂျီလစ်မှလွဲ၍ လူစုံထုတ် ကစားခဲ့သည့် ဇေယျာရွှေမြေအသင်းမှာ ပွဲစကတည်းက ဂိုးရရှိရန်ကြိုးစားခဲ့ပြီး ၃၇ မိနစ်တွင် အသင်းခေါင်းဆောင် ဇော်လင်းထွန်း-၂ က ထောင့်ကန်ဘောမှ တစ်ဆင့် အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ၅၅ မိနစ် တွင် ဥဿာဂိုးသမား အမှားမှတစ်ဆင့် ကျော်ကိုကိုက ဇေယျာရွှေမြေအတွက် ဒုတိယဂိုးထပ်သွင်းခဲ့ပြီး ၅၉ မိနစ်တွင် မြင့်နိုင်က ဥဿာအတွက် ချေပဂိုးပြန် လည်သွင်းယူခဲ့သည်။ အနိုင်ကိုထိန်းထား နိုင်ခဲ့သောကြောင့် ဇေယျာရွှေမြေအသင်းမှာ သုံးပွဲဆက်အနိုင်ရပြီး ရမှတ်(၁၅) မှတ်ဖြင့် ထိပ်ဆုံးနေရာသို့ ရောက်ရှိသွား သည်။

(ဗထူးကွင်း)

Southern Myanmar-တစ်ဂိုး
(ဆာဆာ)

ရတနာပုံ - တစ်ဂိုး
(ခင်မောင်ထွန်း)

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

ဇွဲကပင်ယူနိုက်တက် - ရေဝတီယူနိုက်တက်

(သုဝဏ္ဏကွင်း)

မနောမြေ - နေပြည်တော်

❖ **မြေအောက်မှ**

နီးကပ်သောနေရာတွင် တည်ရှိသည့် ဓာတ်ပေါင်းဖိုမှ မတော်တဆမှု ဖြစ်ပွားပါက ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်မှာ ကြီးမားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာပေါ်ရှိ နျူကလီးယားဓာတ် အားသုံးစွဲသော နိုင်ငံများသည် အရွယ်အစားကြီးမားသော ဓာတ်ပေါင်းဖိုကြီးများကို လူနေသိပ်သည်းသောနေရာမှ ကီလိုမီတာ ၂၀ ကွာဝေးသောနေရာတွင် တည်ဆောက်လေ့ရှိကြသည်။ စတုရန်းကီလိုမီတာ ၂၀၀ ခန့် ကျယ်ဝန်းသော စင်ကာပူနိုင်ငံ၌ ဓာတ်ပေါင်းဖို တည်ဆောက်မည်ဆိုလျှင် လူနေဒေသနှင့် အလွန်နီးကပ်စွာ တည်ဆောက်ရမည်ဖြစ်သည်ဆို၏။

မြေအောက်၌ ဓာတ်ပေါင်းဖိုများကို တည်ဆောက်ပါက ကုန်ကျစရိတ်ကြီး လေးနိုင်ကြောင်း၊ သို့ရာတွင် မဂ္ဂါဝပ် ၃၀ မှ ၅၀ အထိ ထုတ်လုပ်နိုင်သော ဓာတ်ပေါင်းဖိုအသေးစားများကို တည်ဆောက်မည် ဆိုပါက ကုန်ကျစရိတ်မှာ ကြီးလေးတော့မည် မဟုတ်ကြောင်း ပီမာနီက ပြောကြားသည်။

မြေအောက်၌ တည်ဆောက်မည့် ဓာတ်ပေါင်းဖိုအရွယ်အစားမှာ သမားရိုးကျ အကြီးစားဓာတ်ပေါင်းဖို အရွယ်အစား၏ နှစ်ဆယ်ပုံ-တစ်ပုံသာ ရှိမည် ဖြစ်သည်။

မြေအောက်၌ ဓာတ်ပေါင်းဖိုငယ်များ တည်ဆောက်ရေး အယူအဆနှင့် ပတ်သက်၍ ဖြစ်တန်ခြေလေ့လာမှုပြုလုပ်ရန် စင်ကာပူ အစိုးရက ခွင့်ပြုထားသည်။

အင်တာနက်။

ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲ လူရွေးပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၉

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲများအတွက် လူရွေးပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီ က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအဖြစ် အမျိုးသမီးအလွတ်တန်းများဖြစ်သော (၄၆၊ ၄၈၊ ၅၁ နှင့် ၅၄) ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်အမှုဆောင်များက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမျိုးသားအလွတ်တန်း ဗိုလ်လုပြိုင်ပွဲများဖြစ်သော (၄၆၊ ၄၉၊ ၅၂၊ ၅၆၊ ၆၀၊ ၆၄၊ ၆၉၊ ၇၅ နှင့် ၈၁) ကီလိုတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ပြိုင်ပွဲဝင်ဝန်ကြီးဌာနအသင်းများ၊ ကလပ်အသင်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်းများသို့ လက်ဝှေ့အားကစားအထောက်အကူပြု ပစ္စည်းများကို ပေးအပ်သည်။

ယင်းပြိုင်ပွဲကို ဧပြီ ၅ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်းပေါင်း ၁၀ သင်းမှ အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲဝင် အားကစားသမားပေါင်း ၇၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံကာယဗလအလှအဖွဲ့ချုပ်က ဖွင့်လှစ်ခဲ့သော ၂၀၁၁ ခုနှစ် နွေရာသီ အခြေခံကာယဗလနှင့် ကာယအလှသင်တန်း အရည်အချင်းစစ်ပြိုင်ပွဲတွင် ကာယအလှမယ် အကြီးတန်းပြိုင်ပွဲ၌ ပထမဆုရရှိသော မသဲယုနန္ဒာ (တာမွေ) အား ဆုရရှိပြီး တွေ့ရစဉ်။ (ကာယဗလနှင့် ကာယအလှ အဖွဲ့ချုပ်)

PFA ၏ တစ်နှစ်တာ အကောင်းဆုံးကစားသမား ဆန်ခါတင်စာရင်းထွက်ပေါ်

လန်ဒန် ဧပြီ ၉

Professional Footballers'Association (PFA) ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် လူငယ်ကစားသမားဆုအတွက် ဆန်ခါတင်စာရင်းကို ထုတ်ပြန်ကြေညာလိုက်ပြီ ဖြစ်သည်။

PFA ၏ တစ်နှစ်တာအတွက် အကောင်းဆုံးဆုပေးအပ်မည့် ဆန်ခါတင်စာရင်းတွင် ဂါရတ်ဘေးလ်(စပါး)၊ နာဆရီ (အာဆင်နယ်)၊ တီဗက်ဇ် (မန်စီးတီး)၊ ဗန်ဒါဗက်(စပါး)၊ ဗီဒစ် (မန်ယူ)၊ ချာလီအဒမ်(ဘလက်ပူး)နှင့် စကော့ပါကာ (ဝက်စ်ဟမ်း)တို့ ပါဝင်သည်။ ထိုအထဲတွင်မှ စပါးတောင်ပံကစားသမား ဂါရတ်ဘေးလ်မှာ PFA ဥက္ကဋ္ဌ ဂေါ်ဒွန်တေလာ၏ ချီးကျူးထောမနာပြုခြင်းကို ခံခဲ့ရသည်။ ဂါရတ်ဘေးလ်နှင့်အပြိုင် အဆိုပါဆုကို ရရှိရန် နီးစပ်နေသူမှာ အာဆင်နယ်အသင်းမှ နာဆရီဖြစ်ပြီး ၎င်းနောက်တွင်မှ တီဗက်ဇ်နှင့် ဗီဒစ်တို့ရှိနေသည်။

PFA ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ရေပန်းစားနေသည့် နာဆရီ။

အကောင်းဆုံး လူငယ်ဆုအတွက် ဆန်ခါတင်စာရင်းမှာ ဂါရတ်ဘေးလ် (စပါး)၊ နာဆရီ(အာဆင်နယ်)၊ နာနီ (မန်ယူ)၊ ဝီရှိုင်းယား(အာဆင်နယ်)၊ ဟာနန်ဒက်ဇ်(မန်ယူ)၊ ကိုးလ်မင်း (အဲဗာတန်)နှင့် ဂျိုးဟတ်(မန်စီးတီး)တို့ဖြစ်သည်။ အသက် (၂၁)နှစ်ရှိ ဂါရတ်ဘေးလ်နှင့် အသက်(၂၃)နှစ်ရှိ နာဆရီတို့မှာ ဆုနှစ်ဆုလုံး၏ ဆန်ခါတင်စာရင်းတွင် ပါဝင်နေသည်ကို တွေ့ရသည်။ အဆိုပါဆုကို လာမည့် ဧပြီ ၁၇ ရက် (တနင်္ဂနွေနေ့)တွင် ရွေးချယ်ပေးအပ်သွားမည်ဖြစ်သည်။

PFA ၏ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုနှင့် လူငယ်ကစားသမားဆုနှစ်ရပ်လုံးကို တစ်ပြိုင်တည်းရရှိခဲ့ဖူးသည့် ကစားသမားများမှာ ၁၉၇၇ ခုနှစ်တွင် အင်ဒီဂရေးနှင့် ၂၀၀၇ ခုနှစ်တွင် စီရော်နယ်ဒိုတို့ ဖြစ်သည်။

အင်တာနက်။

အာဆင်နယ်အသင်း လာမည့်ရာသီတွင် ကစားသမားခုနစ်ဦးခန့် ရောင်းချမည်

လန်ဒန် ဧပြီ ၉

ချန်ပီယံဆုဖလားများနှင့် ဝေးကွာနေသည်မှာ ကြာပြီဖြစ်သည့် အာဆင်နယ်အသင်း၏နည်းပြ အာစင်ဝင်းဂါးသည် အနာဂတ်အတွက် စီမံကိန်းသစ်ရေးဆွဲထားပြီဟုဆိုကာ အသင်းအား ထိရောက်သည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန်အတွက် လာမည့်ရာသီတွင် ကစားသမား အနည်းဆုံး ခုနစ်ဦးခန့်ထိ ရောင်းချသွားမည်ဟု ဆိုသည်။ လာမည့်ရာသီတွင် အာစင်ဝင်းဂါး ရောင်းချမည့် အဓိကလူစာရင်းတွင် ဘန်တနာ၊ အာရှာဗင်နှင့် ကလစ်ချီတို့ ထိပ်ဆုံးမှပါဝင်နေပြီး အီဘိုယေး၊ အယ်လ်မူနီယာ၊ ရိုဆစ်စကီးနှင့် ဒီနယ်လ်ဆင်တို့လည်း ပါဝင်နေသည်။ အဆိုပါ ကစားသမားများကို ရောင်းချအပြီးတွင် အာစင်ဝင်းဂါး ခေါ်ယူရန် အဓိကပစ်မှတ် ထားနေသည့် ကစားသမားများမှာ လူတန်ဘိန်းစ် (အဲဗာတန်)၊ ချိန်ဘာလီ (ဆောက်သမ်ပတန်)၊ ဖီးလ်ဂျုန်းစ် (ဘလက်ဘန်း)၊ ဟက်ဇာ့ဒ်(လိုင်လီ)နှင့် ရှော်ကေးဂိုးသမား နူအာတို့ဖြစ်သည်။ ***အင်တာနက်။***

ပေါင်ခြံဒဏ်ရာရရသည့် ဂျရတ် ရာသီကုန်ထိ နားရမည်

လီဗာပူး ဧပြီ ၉

လီဗာပူးအသင်းတွင် အဓိကအားထားရသည့် အသင်းခေါင်းဆောင်ဂျရတ်သည် ပေါင်ခြံဒဏ်ရာကြောင့် ယခုနှစ် ဘောလုံးရာသီကုန်ထိ အနားယူရတော့မည်ဖြစ်သည်။

ယခင်ကရရှိခဲ့သည့် ပေါင်ခြံဒဏ်ရာကို ခွဲစိတ်ကုသခဲ့ပြီး ပြန်ကောင်းလာချိန်တွင် ရက်အနည်းငယ်သာ လေ့ကျင့်ခန်း ဆင်းနိုင်ခဲ့သော်လည်း ယခုအချိန်တွင် ထိုဒဏ်ရာ ပြဿနာပြန်လည်ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ရာသီကုန်ထိ အနားယူရတော့မည်ဟု နည်းပြ ဒဲလ်ဂလက်ချ်က အတည်ပြု ပြောကြားလိုက်သည်။

အင်တာနက်။

ပေါင်ခြံဒဏ်ရာကြောင့် ရာသီကုန်ထိ နားရတော့မည့် ဂျရတ်။

ဟန်သစ်

ပရီမီယာလိဂ်ပွဲစဉ် (၃၂)ရလဒ်များ

ဝုလ်ဗာဟမ်တန်	၀ - ၃	အဲဗာတန်
ဘလက်ဘန်း	၁ - ၁	ဘာမင်ဂမ်
ဘော်လ်တန်	၃ - ၀	ဝက်စ်ဟမ်း
ချယ်လ်ဆီး	၁ - ၀	ဝီဂန်
မန်ယူ	၂ - ၀	ဖူလ်ဟမ်
ဆန်းဒါးလန်း	၂ - ၃	ဝက်စ်ဘရွန်း
စပါး	၃ - ၂	စတုတ်စီးတီး

အင်တာနက်။

အတည်ပြုချိန် - ၁း၃၅

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ထူးခြားသည့် နေ့အပူချိန်များ

(၉-၄-၂၀၁၁)

ချောက် ၄၂ ဒီဂရီစင်တီဂရိတ်

မကွေး ၄၁ ဒီဂရီစင်တီဂရိတ်

ဥသာကိုအနိုင်ကစားပြီး ဇေယျာရွှေမြေထိပ်ဆုံးရောက် ရန်ကုန်ယူနိုက်တက်လည်း ဂိုးပြတ်နိုင်ပွဲရ

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

မုံရွာ ဧပြီ ၉

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်(၆)ကို ယနေ့ညနေပိုင်းက မုံရွာကွင်း၊ ဗထူးကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ ဇေယျာရွှေမြေနှင့် ရန်ကုန်ယူနိုက်တက်တို့ နိုင်ပွဲအသီးသီး ရရှိခဲ့ကြသည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် - လေးဂိုး
(ဂျူဗီနယ်-သုံးဂိုး၊ ချာလက်စ်အိုဘီ)

မကွေး F.C - တစ်ဂိုး
(စိုးမင်းနိုင်)

ကမ္ဘောဇအသင်းကို အဝေးကွင်းတွင် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ အိမ်ကွင်းတွင် မကွေး F.C ကို ဂိုးပြတ်သွင်းကာ နိုင်ပွဲပြန်လည်ရရှိသွားသည်။ နောက်ခံလူဟန်ဆန်မှလွဲ၍ မျိုးမင်းထွန်း၊ ရာဇာဝင်းသိန်း၊ ခင်မောင်လွင်၊ ဂျူဗီနယ်၊ ချာလက်စ်အိုဘီတို့ဖြင့် လူစုံပါဝင်လာသည့် ရန်ကုန်ယူနိုက်တက်အသင်းမှာ ကစားကွက်အသာဖြင့် ကစားနိုင်ခဲ့သလို မကွေး F.C ၏ ခံစစ်ပိုင်းအားနည်းမှုကိုအခွင့်ကောင်းယူနိုင်ခဲ့၍ ယခုကဲ့သို့ ဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

ဇေယျာရွှေမြေနှင့် ဥသာယူနိုက်တက်တို့ ယှဉ်ပြိုင်နေစဉ်။



မြေအောက်၌ ဓာတ်ပေါင်းဖိုငယ်များတည်ဆောက်ရေး စင်ကာပူနိုင်ငံမှ စွမ်းအင်သိပ္ပံပညာရှင် အဆိုပြု

အင်တာနက် စွမ်းအင်သိပ္ပံ သတင်း

═══

ဘာသာပြန် သတင်းလုလင်

စင်ကာပူ ဧပြီ ၉

အနာဂတ်ကာလ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးမည့် နျူကလီးယားဓာတ်ပေါင်းဖို အသေးစားများကို မြေအောက်တွင် တည်ဆောက်သင့်ကြောင်း စင်ကာပူသိပ္ပံပညာရှင်တစ်ဦးက အဆိုပြုတင်ပြလိုက်သည်။

စင်ကာပူနိုင်ငံအပါအဝင် နိုင်ငံအရွယ်အစား သေးငယ်သောနိုင်ငံများ၌ နျူကလီးယားဓာတ်ပေါင်းဖိုများကို မြေအောက်၌တည်ဆောက်သင့်ကြောင်း စင်ကာပူအမျိုးသားတက္ကသိုလ်မှ စွမ်းအင်လုံခြုံရေးကျွမ်းကျင်သူ ပညာရှင် ဟူမန်ပီမာနီက ပြောကြားသည်။

နျူကလီးယား ဓာတ်ရောင်ခြည်ဆိုင်ရာ ကပ်ဘေးဆိုက်ရောက်ချိန်မျိုးတွင် နိုင်ငံအရွယ်အစားသေးငယ်သောနိုင်ငံမှ ပြည်သူများသည် ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာများသို့ ရွှေ့ပြောင်းနိုင်မည်မဟုတ်ကြောင်း၊ လူနေဒေသနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖

မြေအောက်၌ အဏုမြူဓာတ်ပေါင်းဖိုငယ် တည်ဆောက်ရေးအယူအဆကို စင်ကာပူသိပ္ပံပညာရှင် ဆွဲသည့် ပုံစံငယ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြန်မာ့ယဉ်ကျေးမှုသကြြန်

❁ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
❁ သရုပ်ပျက် ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
❁ အမျိုးဂုဏ် ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှု သင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့